## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သော စိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ်အချိန်မီရောက်မည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၄)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၄ ❐

## အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား

စာ - ၁၆ သို့

### ဆောင်းပါး

## လောကပြတင်း အလင်းတံခါးများ

စာ - ၁၃ သို့

## မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲလောပဲနံ ၉၈၇ ဧက စိုက်ပျိုးပြီးစီး

စာ - ၃ သို့

## ယခုဘဏ္ဍာနှစ် ဇူလိုင်လအထိ ငါးပုစွန်သားပေါက်အကောင်ရေ သိန်း ၂၁၀ မျိုးစိုက်ထည့်ပြီးဖြစ်

စာ - ၂၄ သို့



## ရန်ကုန်မြို့နေပြည်သူများအတွက် သန့်စင်ပိုးသတ်ထားသည့်သောက်သုံးရေ တစ်နေ့လျှင် ရေဂါလန်သန်းပေါင်း ၂၃၇ သန်းပေးဝေလျက်ရှိ

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်စင်ပိုးသတ်ထားသည့်သောက်သုံးရေ တစ်နေ့လျှင် ရေဂါလန်သန်းပေါင်း ၂၃၇ သန်း ပေးဝေလျက်ရှိကြောင်း သိရသည်။

လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ်နှင့် လဂွန်းပြင် စသည့်ရေလှောင်ကန်ငါးခုမှ ရေများအား ရေသန့်စင်စက်ရုံနှစ်ရုံမှသန့်စင်ပြီး သောက်သုံးရေသန့်များကို ရန်ကုန်မြို့နေ

စာမျက်နှာ ၁၀ ကော်လံ ၁ ✷


### ကုန်ဆုံးသွားသော စွမ်းအားများ

**DAGON Malta Fresh** နဲ့ ဖြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၀ ရက်)

# ဝါစိုက်ပျိုးမှုပိုမိုအောင်မြင်ရေး

လူသားတို့အသက်ရှင်သန်နေထိုင်ရေးအတွက် အရေးသုံးပါးဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးတွင် မရှိမဖြစ်သောအရာများ၌ ဝါသီးနှံသည်လည်း တစ်ခုပါဝင်သည်။ ဝါသည် ကမ္ဘာကြီးကပေးသည့် စွယ်စုံသီးနှံများထဲကတစ်ခုဖြစ်သည်။ မြန်မာစကားတွင် လူမှာအဝတ်တောင်းမှာအကွပ်ဆိုသည့်အတိုင်း အဝတ်ဝတ်ဆင်ရန်အတွက် ဝါသည်အခြေခံဖြစ်သည်။ ဝါသီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့်ဆီကြိတ်ဖတ်များ ထုတ်လုပ်နိုင်သည်။ ရင့်မှည့်သောဝါမှ ဝါစေ့နှင့်ဝါဂွမ်းကို ခွဲထုတ်ယူရသည်။ ဝါဂွမ်းသည် အဝတ်အထည်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာနှင့်အခြားအထည်အလိပ်များအပါအဝင် ထုတ်ကုန်အမျိုးမျိုး ပြုလုပ်ရန်အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။ တာယာ၊ ဆန်ခါများနှင့် စက္ကူကဲ့သို့သောစက်မှုထုတ်ကုန်များတွင်လည်း အသုံးပြုသည်။ ဝါဂွမ်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုပြီး ၁၅ ရာခိုင်နှုန်းကို အိမ်တွင်းအလှဆင်ပစ္စည်းများတွင် အသုံးပြုသည်။ ကျန်ရှိသည့် ၅ ရာခိုင်နှုန်းမှာစစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အသုံးပြုကြသည်။

ဝါစိုက်ပျိုးမှုကို ပျူခေတ်ကတည်းက စိုက်ပျိုးနေပြီး ဝါဂွမ်းမှ အဝတ်အထည်များ ရက်လုပ်သုံးစွဲနေပြီဖြစ်သည်။ ရှေးယခင်က ချည်မျှင်တိုဝါမျိုးကိုသာ စိုက်ပျိုးခဲ့ကြသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ချည်မျှင်ရှည်ဝါကို ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧရိယာ ၅၃၇,၃၁၂ ဧကကို စိုက်ပျိုးခဲ့ပြီး ချည်မျှင်ရှည်ဝါသည် စိုက်ဧရိယာအများဆုံးဖြစ်ကြောင်း သိရှိရသည်။ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ချမှတ်ထားပြီး နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စီမံကိန်းဒေသအဖြစ်သတ်မှတ်ထားကာ ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၆ ရက်ကကျင်းပသည့် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် **" ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့်အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပြီး ဝင်ငွေများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကာ ဝါစိုက်တောင်သူများနှင့် ဝါနှင့်ပတ်သက်သည့်လုပ်ငန်းများဆောင်ရွက်နေသူများ၏ ဘဝများတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ဝါသီးနှံအထွက်တိုးရေးကိုဆောင်ရွက်လျက်ရှိပြီး အရည်အသွေးမြင့်မားသည့်ချည်ထည်များထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဈေးကွက်ဝယ်လိုအားရှိသည့်ချည်မျှင်ရှည်ဝါများတိုးတက်စိုက်ပျိုးထုတ်လုပ်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့်အထည်စက်ရုံများအတွက် အရည်အသွေးကောင်းဝါများစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပမှဝါဂွမ်းနှင့်ချည်များတင်သွင်းမှုကိုလျှော့ချရန်၊ ဝါသီးနှံတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ပြီး ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ ကုန်ထုတ်လုပ်မှုမြင့်မားစေရန်ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဝါသည် သိသာထင်ရှားသောအလားအလာကောင်းများရှိပြီးဖြစ်၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန်ဆောင်ရွက်နေပြီဖြစ်သည်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်းအပြင် တစ်ဖက်တွင် ဝါဂွမ်းမှအဆင့်မီအထည်အလိပ် လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့်အထည်စက်များအားစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းတို့အား တစ်ဆက်တစ်စပ်တည်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများအားဒေသအလိုက်ထူထောင်နိုင်ရေးနှင့်ရေရှည်ရှင်သန်နိုင်ရေး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာအောင် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသည် အဓိကကျလှသည်။ အဓိကကျသည့် ကုန်ထုတ်လုပ်မှုများအားကောင်းလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ဝါနှင့်ဆီထွက်သီးနှံများကို တိုးတက်အောင်စိုက်ပျိုးရေးကို ပိုမိုအောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စားရေရိက္ခာဖူလုံမှု၊ ပိုလျှံမှုရှိမှ တိုင်းပြည်သည်သာယာဝပြောမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ နိုင်ငံအတွက် ဝတ်ရေးကိုများစွာအထောက်အကူပြုသည့် ဝါစိုက်ပျိုးမှုကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ဝါစိုက်ပျိုးမှုမှထွက်ရှိသည့် ဝါမှဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို)နှင့် ဝါစေ့များထွက်ရှိလာမည်ဖြစ်ပြီး ဝါစေ့မှဝါစေ့ဆီနှင့်တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သည်။ မြန်မာနိုင်ငံသည်ဝါစိုက်ပျိုးသည့်အဓိကနိုင်ငံများထဲတွင်ပါဝင်သည်။ ပြည်တွင်းမှထွက်ရှိသည့်ဝါဖြင့်ချည်များကို အရည်အသွေးကောင်းမွန်စွာဖြင့်ထုတ်လုပ်နိုင်ပါက ဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ဝါစိုက်ပျိုးမှုပိုမိုအောင်မြင်ရေးကို အထူးအလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## International Youth Day

“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး”

“From Clicks To Progress: Youth Digital Pathways
For Sustainable Development”

၁၂ - ၈ -၂၀၂၄ ရက်နေ့ (တနင်္လာနေ့) ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၂၄(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၅ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၆။ | ၉:၄၅ | အမှတ်တရနေ့ရက်များ |
| ၇။ | ၁၁:၂၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၈။ | ၁၆:၁၀ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၉။ | ၁၇:၂၀ | အမျိုးသားရေးတေးကဗျာ |
| ၁၀။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သုဘာသိတာစယာဝါစာ** |
| ၁၁။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မြောင်းမြ၊ စိုက်ပျိုးရေး

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၉၈၇ ဧက စိုက်ပျိုးပြီးစီး



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၉၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ပီလောပီနံလျာထားဧက ၁၂၈၁ ဧကကို မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၉၈၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးသီးနှံလျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ သီးနှံအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့နဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ ဝန်ထမ်းတွေက နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေကလည်း ပီလောပီနံစိုက်ဖူးတဲ့အတွေ့အကြုံရှိတယ်။ ပီလောပီနံကို မိုးသီးနှံစိုက်ပျိုးရာသီမှာ ဧက ၁၂၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အခု ပီလောပီနံဧက ၁၀၀၀ နီးပါး စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြမြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလသို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြပြီး ဒေသခံတောင်သူများ မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

ပင်းတယ၊ ပညာရေး

# ပင်းတယမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ကျိုး)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၉ ရက်တွင် ကျံကော်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆိုဖွင့်လှစ်ကြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဟိန်းထက်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် လူသားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရန် ပညာရေးကို အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြပြီး နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်နိုင်သော ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များဖြစ်လာအောင် ဆက်လက်ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)နှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် Grade-12 ကျောင်းသားကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

ကံမ၊ ကျေးလက်ဖွံ့ဖြိုးရေး

# ကံမမြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်း တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စစ္စရုံ-ပေပင် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အလယ်-ကဒူးပြင်လမ်းပေါ်၌ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့်အတူ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ရုံးချုပ်) QC နှင့် တာဝန်ရှိသူများလိုက်ပါပြီး စစ္စရုံ-ပေပင် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အလယ်-ကဒူးပြင်လမ်းပေါ်၌ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စစ္စရုံ-ပေပင် ကျေးရွာချင်းဆက်လမ်း အရှည် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ငွေကျပ် ၃၂ ဒသမ ၄၃၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အလယ်-ကဒူးပြင်လမ်းပေါ်၌ အရှည် ပေ ၆၀ ရှိ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ငွေကျပ် ၂၆၀ ဒသမ ၅၅ သန်းဖြင့် Phyo Thiri Kyaw ကုမ္ပဏီက လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းအားလုံး ပြီးစီးပါက ကျေးရွာ ၁၁ ရွာရှိ အိမ်ခြေ ၁၅၂၃ အိမ် လူဦးရေ ၅၈၀၂ ဦးတို့၏ လူနေမှုဘဝများ ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

မြောင်းမြ၊ စာပေရေးရာ

# အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၂၄) သင်တန်းဆင်းပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ်လ ၈ ရက်က မြောင်းမြမြို့နယ်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြခရိုင်ပညာရေးမှူး ဦးဌေးဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြောင်းမြခရိုင်ပညာရေးမှူး ဦးဌေးဝင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးရာဇာထွန်းတို့က မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်ကိုးခုသို့ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာစာကြည့်တိုက်တာဝန်ခံများက လက်ခံရယူကြသည်။

ထိုသို့လှူဒါန်းရာတွင် ကျေးရွာစာကြည့်တိုက်တစ်ခုလျှင် သုတ၊ ရသစာအုပ် ၂၀ ဖြင့် စာကြည့်တိုက်ကိုးခုအတွက် စုစုပေါင်းစာအုပ် ၁၈၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

"သစ်တောကဏ္ဍတွင် $CO_2$ ထုတ်လွှတ်မှု၏အဓိကအချက်မှာ ရွှေ့ပြောင်းတောင်ယာပြုလုပ်ရန် သစ်ပင်များခုတ်၍ တောမီးရှို့ခြင်းသည် အကြောင်းရင်းတစ်ရပ်ဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် သစ်တောမီးလောင်မှုသည်လည်း $CO_2$ ထုတ်လွှတ်မှု၏ အဓိကအကြောင်းရင်းဖြစ်သည်. . ."

**ယမန်နေ့မှအဆက်**

ဝက်မွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကယားပြည်နယ်၏ မြို့တစ်မြို့တွင် ပြည်ပမှ မျိုးကောင်းမျိုးသန့်ဝက်များ ၂၀၂၀ ပြည့်နှစ်တွင် လေယာဉ်ဖြင့်ရောက်ရှိလာသည်။ မျိုးဝက်တစ်ကောင်၏တန်ဖိုးသည် ဒေါ်လာ ရာဂဏန်းမှ ထောင်ဂဏန်းဝန်းကျင်အထိ တန်သည်ဟုဆိုသည်။ မိမိတို့နိုင်ငံသည် ဝက်သားစားသူ အများစုရှိသည့်အတွက် ယခုလို ကမ္ဘာ့အဆင့်မီခြံမျိုးများ ရောက်ရှိလာသဖြင့် ကြိုဆိုရမည်ဖြစ်သည်။ သို့သော် မကြာပါ၊ မလှမ်းမကမ်းရှိကျေးရွာမှ ရွာသူရွာသားတချို့က ဝက်ချေးနံ့မခံနိုင်၍ ဆန္ဒထုတ်ဖော်သည်ဟု သိရသည်။ $CH_4$ အနံ့ပြင်းကြောင်း ဖော်ပြခြင်းဖြစ်သည်။

ဆက်လက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ လူတစ်ဦးချင်းစီမှ $CO_2$ မည်မျှထုတ်လွှတ်နေသည်ကို လေ့လာနိုင်ရန် အောက်ပါဇယားဖြင့် ဖော်ပြပေးပါမည်။

**နိုင်ငံအလိုက် လူတစ်ဦးချင်းစီ၏တစ်နှစ်ထုတ်လွှတ်နေသော $CO_2$ တန်ချိန် (၂၀၁၈)**

| စဉ် | နိုင်ငံ | လူတစ်ဦးချင်းစီ၏ $CO_2$ ထုတ်လွှတ်မှု(မက်ထရစ်တန်) |
|---|---|---|
| ၁။ | ဆော်ဒီအာရေဗျ | ၁၈.၄၈ |
| ၂။ | ကာဇက်စတန် | ၁၇.၆၀ |
| ၃။ | ဩစတြေးလျ | ၁၆.၉၂ |
| ၄။ | အမေရိကန် | ၁၆.၅၆ |
| ၅။ | ကနေဒါ | ၁၅.၃၂ |
| ၆။ | တောင်ကိုရီးယား | ၁၂.၈၉ |
| ၇။ | ရုရှား | ၁၁.၇၄ |
| ၈။ | ဂျပန် | ၉.၁၃ |
| ၉။ | ဂျာမနီ | ၉.၁၂ |
| ၁၀။ | ပိုလန် | ၉.၀၈ |
| ၁၁။ | အီရန် | ၈.၈၂ |
| ၁၂။ | တောင်အာဖရိက | ၈.၁၂ |
| ၁၃။ | တရုတ် | ၇.၀၅ |
| ၁၄။ | ယူနိုက်တက်ကင်းဒမ်း | ၅.၆၂ |
| ၁၅။ | အီတလီ | ၅.၅၆ |
| ၁၆။ | တူကီယဲ | ၅.၂၀ |
| ၁၇။ | ပြင်သစ် | ၅.၁၉ |
| ၁၈။ | မက္ကဆီကို | ၃.၇၇ |
| ၁၉။ | အင်ဒိုနီးရှား | ၂.၃၀ |
| ၂၀။ | ဘရာဇီး | ၂.၁၉ |
| ၂၁။ | အိန္ဒိယ | ၁.၉၆ |

Source: 2018 ranking by per capita emission by Union of Concerned Scientists

ဤဇယားအရ ချမ်းသာသောနိုင်ငံသားများသည် $CO_2$ အများဆုံး ထုတ်လွှတ်နေသည်ကို တွေ့ရမည်။

သစ်တောကဏ္ဍ $CO_2$ ထုတ်လွှတ်မှုကို ဖော်ပြပါဦးမည်။

**သစ်တောကဏ္ဍ $CO_2$ ထုတ်လွှတ်မှု**

သစ်တောကဏ္ဍတွင် $CO_2$ ထုတ်လွှတ်မှု၏ အဓိကအချက်မှာ ရွှေ့ပြောင်းတောင်ယာပြုလုပ်ရန် သစ်ပင်များခုတ်၍ တောမီးရှို့ခြင်းသည် အကြောင်းရင်းတစ်ရပ်ဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် သစ်တောမီးလောင်မှုသည်လည်း $CO_2$ ထုတ်လွှတ်မှု၏ အဓိကအကြောင်းရင်းဖြစ်သည်။ မိမိတို့ မကြာခဏကြားနေရသည့်ဖြစ်ရပ်မှာ အင်ဒိုနီးရှား သစ်တောများမီးလောင်ရာမှ မိုင်ရာပေါင်းများစွာဝေးသော အိမ်နီးချင်း စင်ကာပူ၊ မလေးရှားတို့အထိ ပြာမှုန်များနှင့်မီးခိုးများ ရောက်ရှိလာမှုကြောင့် လေယာဉ်ခရီးစဉ်များရွှေ့ဆိုင်းရခြင်း၊ ကျောင်းများပိတ်ရခြင်း၊ ပြည်သူများ ပါးစပ်နှင့်နှာခေါင်းစည်း(Mask)တပ်ပြီး သွားလာရခြင်းများ အကြိမ်ကြိမ်ကြားမိသည်။

တချို့ကလည်း ဆီအုန်းခြံများတိုးချဲ့စိုက်ပျိုးရာတွင် တောရှင်းခစရိတ် အကုန်အကျသက်သာစေရန် တောမီးရှို့ကြသည်ဟုလည်း ဆိုသည်။ ၎င်းတောမီးသည် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး တစ်တောလုံး ကူးစက်သွားသည့် သာဓကများရှိသည်။ နှစ်စဉ် ကမ္ဘာ့သစ်တောကြီးများမီးလောင်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ကြီးမားကျယ်ပြန့်သည်။ အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ်လောင်ကျွမ်းသော တောမီးအများစုသည် လူကြောင့်ဖြစ်ရသည်ဟု US Department of Interior ကဆိုသည်။

US National Interagency Fire ၏ ထုတ်ပြန်ချက်အရ အမေရိကန်ပြည်ထောင်စုတစ်ခုတည်းမှာပင် နှစ်အလိုက် တောမီးလောင်၍ဆုံးရှုံးနေသော သစ်တောဧကမှာ သန်းချီရှိနေသည်ကို ၁၁ နှစ်စာနှိုင်းယှဉ်၍ ထုတ်နုတ်တင်ပြပါမည်။

**အမေရိကန်ပြည်ထောင်စု၏ နှစ်စဉ်တောမီးလောင်ဆုံးရှုံးမှု သစ်တောဧရိယာ(ဧက)**

| ခုနှစ် | လောင်ကျွမ်းသည့်အကြိမ် | ဆုံးရှုံးသည့်သစ်တော(ဧက) |
|---|---|---|
| ၂၀၁၀ | ၇၁၉၇၁ | ၃၄၂၂၇၂၄ |
| ၂၀၁၁ | ၇၄၁၂၆ | ၈၇၁၁၃၆၇ |
| ၂၀၁၂ | ၆၇၇၇၄ | ၉၃၂၆၂၃၈ |
| ၂၀၁၃ | ၄၇၅၇၉ | ၄၃၁၉၅၄၆ |
| ၂၀၁၄ | ၆၃၃၁၂ | ၃၅၉၅၆၁၃ |
| ၂၀၁၅ | ၆၈၁၅၁ | ၁၀၁၂၅၁၄၉ |
| ၂၀၁၆ | ၆၇၇၄၃ | ၅၅၀၉၉၉၅ |
| ၂၀၁၇ | ၇၁၄၉၉ | ၁၀၀၂၆၀၈၆ |
| ၂၀၁၈ | ၅၈၀၈၃ | ၈၇၆၇၄၉၂ |
| ၂၀၁၉ | ၅၀၄၇၇ | ၄၆၆၄၃၆၄ |
| ၂၀၂၀ | ၅၈၉၅၀ | ၁၀၁၂၂၃၃၆ |
| ၁၁ နှစ် | ၆၉၉၆၆၅ | ၇၈၅၉၀၉၁၀ |

အမေရိကန်ကဲ့သို့ ခေတ်မီပစ္စည်းများ၊ မီးသတ်စနစ်များ၊ လေ့ကျင့်ပေးထားသော မီးသတ်သမားများ ပြည့်ပြည့်စုံစုံရှိသည့် ကမ္ဘာ့ထိပ်သီးနိုင်ငံတစ်နိုင်ငံမှာပင် ၁၁ နှစ်အတွင်း တောမီးလောင်မှုအကြိမ်ပေါင်း ခုနစ်သိန်းခန့်ရှိသည်။ ဆုံးရှုံးသွားသောဧရိယာအကျယ်အဝန်းမှာ ဧကသန်း ၈၀ နီးပါးဖြစ်သည်။ ပျမ်းမျှအားဖြင့် နှစ်စဉ် သစ်တောဧကခုနစ်သန်းခန့် မီးလောင်နေသကဲ့သို့ ဖြစ်နေသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

သထုံ၊ မွေးမြူရေး

## ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်ပွဲကျင်းပ



မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်း အမှတ်စဉ်(၃/၂၀၂၄) ဖွင့်ပွဲကို ဩဂုတ်လ ၈ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က ငါးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ငါးလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်း၊ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ပေးနေကြောင်း စသည်ဖြင့် အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဦးက သင်တန်းဖွင့်လှစ်ပေးရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ငါးများ၏ နေထိုင်ကျက်စားမှုဓလေ့၊ ငါးကန်တူးဖော်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ မျိုးရွေးချယ်ထိန်းသိမ်းခြင်း၊ ရေချိုငါးမျိုးများ လက်တွေ့ဆေးထိုးသားဖောက်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်များ စသည်တို့ကို ဩဂုတ်လ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်း၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ)မှ နောက်ဆုံးနှစ်သင်တန်းသား ၅၉ ဦး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ရွာလွတ်ရွာ၊ ချောင်းဆုံမြို့)မှ သင်တန်းသားကိုးဦး စုစုပေါင်း ၆၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

---

ကျွန်းလှ၊ ပညာရေး

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပွဲကို ဩဂုတ်လ ၉ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်း(ကျွန်းလှ)၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအဆင့် ဒုတိယအောင်ချက်အကောင်းဆုံးကျောင်း၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးကြသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများကိုယ်စား သိပ္ပံဘာသာတွဲဖြင့် တိုင်းဒေသကြီးအဆင့် အမှတ်အများဆုံး ပထမဆုရရှိသူ မသင်းသီရိအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းဆုချီးမြှင့်ပွဲသို့ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့်ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးပထမရရှိသူတစ်ဦး၊ သိပ္ပံဘာသာတွဲဖြင့် တိုင်းဒေသကြီးအဆင့် အမှတ်အများဆုံး ပထမရရှိသူတစ်ဦးနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၆ ဦးထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

နေပြည်တော် ဩဂုတ် ၉

# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး တက်ရောက်





ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၁၇/၂၀၂၃)၊ ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးသည် ဒုတိယရဲအုပ်လောင်းများ၏အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရဲနိုင်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုး၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇)ရဲဗလတပ်ခွဲတွင် တပ်တွင်း



ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းများ၏အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအားစစ်ဆေးစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်းသက်ပိုင်ဖြိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်းသက်ပိုင်ဖြိုး၊ ဥပဒေဘာသာရပ်ဘွဲ့ရ အမျိုးသား (၂၁၇)ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး(၁၂၉)ဦး၊ စုစုပေါင်း (၃၄၆)ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဩဂုတ် ၉

# နေပြည်တော်နည်းပညာတက္ကသိုလ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းဆောင်ရွက်



မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

Myanmar Electronic Voting Machine (MEVM) စက်အသုံးပြု၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်ကို အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးဆောင်ရွက်နိုင်ခြင်း၊ မိမိမဲပေးရွေးချယ်လိုက်သည့် အခြေအနေအား မျက်မြင်တွေ့ရှိရသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခြင်း၊ ပယ်မဲများ မရှိနိုင်တော့သည့်အတွက် မိမိတို့၏ဆန္ဒမဲများ အဟောသိကံဖြစ်ရသည့်အခြေအနေမျိုးမရှိနိုင်တော့ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်သည်။

ကျင်းပမည့်ရွေးကောက်ပွဲတွင် ပထမအကြိမ်မဲပေးကြမည့်မဲဆန္ဒရှင်ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် MEVM စက် အသုံးပြုမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးကို မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားသို့ နေပြည်တော် နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်၊ ဌာနအကြီးအမှူးများ၊ ပါမောက္ခများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေပြည်တော် ဩဂုတ် ၉

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ





နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဝင်းအတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လျှိုပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်နှင့် မန်ကျည်းပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးပြီး ယခုနှစ်၏ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ယခင်နှစ်များက စိုက်ပျိုးထားရှိသည့် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် သေဆုံးမှုများအတွက် ပြန်လည်အစားထိုးစိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း ပထမအကြိမ်၌ ၁၂၇၀၀ ပင်၊ ဒုတိယအကြိမ်၌ ၉၉၅၂ ပင်နှင့် ယခု တတိယအကြိမ်၌ ၁၀၇၀၈ ပင် စုစုပေါင်းသစ်ပင် ၃၃၃၆၀ တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

# AI နည်းပညာဆိုင်ရာအခြေခံအသိပညာများသည် ဝန်ကြီးဌာနမှအကောင်အထည်ဖော်လျက်ရှိသည့် e-Government မှ Digital Government သို့ ပြောင်းလဲရေးတွင် အထူးအရေးပါ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များ ဖိတ်ကြား၍ နိုင်ငံတော်၏ ပြည်သူ့ဗဟိုပြုသည့် e–Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence–AI) ဆိုင်ရာ အခြေခံအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁) ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့နိုင်ငံတွင် နိုင်ငံတော်မှ ချမှတ်ထားသောလုပ်ငန်းစဉ်များနှင့် ဒစ်ဂျစ်တယ်နည်းပညာသစ်များ၏ လျင်မြန်စွာပြောင်းလဲမှုတို့ လိုက်လျောညီထွေရှိစေရန် “Myanmar e– Governance Master Plan 2030” ကို ရေးဆွဲထားပြီးဖြစ်သည့်အပြင် ဉာဏ်ရည်တု (AI) AI Usage Policy ကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပို့ချသည့် AI နည်းပညာဆိုင်ရာအခြေခံအသိပညာများသည် ဝန်ကြီးဌာနမှအကောင်အထည်ဖော်လျက်ရှိသည့် e–Government မှ Digital Government သို့ ပြောင်းလဲရေးတွင် အထူးအရေးပါပြီး တန်ဖိုးရှိသည့်အတွက် တက်ရောက်သူများက သေချာစွာလေ့လာကြစေလိုကြောင်းနှင့် ယနေ့သိရှိရသော AI နည်းပညာဆိုင်ရာ အသိပညာများဖြင့် ဝန်ကြီးဌာန၏ e–Government သို့ အသွင်ကူးပြောင်းရေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence–AI) ဆိုင်ရာ သိရှိထားသင့်သည့်အခြေခံအကြောင်းအရာများ၊ ဉာဏ်ရည်တုနည်းပညာ(AI) နှင့် ကျင့်ဝတ်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအဆိုပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကြိုတင်ခန့်မှန်းနိုင်ခြင်း၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအပါအဝင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းများတွင် AI နည်းပညာဖြင့် ပံ့ပိုးပေးနိုင်မှုအကြောင်းအရာများနှင့် အနာဂတ် AI ဆိုင်ရာ အသိပညာများကို မျှဝေဆွေးနွေးခဲ့ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာခင်မာစိုးက AI နည်းပညာဆိုင်ရာအကြောင်း၊ သုတေသနများတွင် အသုံးဝင်မှုများ၊ ကောင်းကျိုးများ၊ risks၊ အန္တရာယ်ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်း/ အမှုထမ်းများတက်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

(ဖြူ)

နေပြည်တော်၊ လူမှုရေး

# ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကျင်းပ




၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ Grade -10 ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ဇေယျာသီရိခရိုင် ပညာရေးမှူး ဦးရဲသူရခင်စိုးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးကိုယ်စား ဆရာဦးမျိုးထက်က ပညာရည်ချွန်ဆုပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ၆ ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ခရိုင်ပညာရေးမှူး ဦးရဲသူရခင်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်တို့ကလည်းကောင်း၊ ၅ ဘာသာဂုဏ်ထူးရှင်များ၊ ၄ ဘာသာဂုဏ်ထူးရှင်များ၊ ၃ ဘာသာဂုဏ်ထူးရှင်များ၊ ၂ ဘာသာဂုဏ်ထူးရှင်များနှင့် ၁ ဘာသာဂုဏ်ထူးရှင်များအား တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏ကြိုးစားအားထုတ်ခဲ့မှုများအား ပြန်လည်ပြောကြားကြသည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဂုဏ်ထူးရကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားသို့ Grade -11 ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုကာ အခမ်းအနားကိုရုပ်သိမ်းကြောင်း သတင်းရရှိသည်။

**ဇော်မျိုး(မြဝတီ)**

နတ်မောက်၊ စိုက်ပျိုးစွမ်းအား

# မိုးမြေပဲ သွင်းအားစုပစ္စည်းများ ပေးအပ်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးမြေပဲစီမံကိန်းဝင်တောင်သူများအား သွင်းအားစုပစ္စည်းများပေးအပ်ပွဲကို ဩဂုတ်လ ၈ ရက်နံနက်ပိုင်းတွင်ကျင်းပသည်၊

အဆိုပါသွင်းအားစုများပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက မိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံ မိုးမြေပဲတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ကျေးရွာအုပ်စုနှစ်အုပ်စုတွင် မိုးမြေပဲစိုက်ဧက ၃၀၀ အတွက် တောင်သူ ၉၄ ဦးအား သွင်းအားစုပစ္စည်းများပေးအပ်ကြောင်း သိရသည်။

**လှဝင်း**

ရေနံချောင်း၊ ဒေသဖွံ့ဖြိုးရေး

# ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ရုံးကုန်းကျေးရွာအုပ်စု ယင်းမချောင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ယင်းမချောင်းကျေးရွာ၌ ၇ ဒသမ ၆ ကီလိုဝပ်ရှိသော ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အရှည်ပေ ၁၂၀၀ ရှိသော ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းမချောင်းကျေးရွာ၌ အဆိုပါ ဆိုလာစနစ်သုံး ရေရရှိရေးလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် ၂၄ ဒသမ ၁၅၁ သန်းအသုံးပြုပြီး ဇေယျာစွမ်းထက်ကုမ္ပဏီက တာဝန်ယူ၍ မေ လ ၁၆ ရက်မှ စတင်



အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအားလုံးရာနှုန်းပြည့်ပြီးစီးပါက ယင်းမချောင်းကျေးရွာရှိ အိမ်ခြေ ၁၂၁ အိမ်အတွက် သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေဘ်လူး**

♫♫ သဇင် (FM) ♫♫
အသံလွှင့်အစီအစဉ်
၁၀-၈-၂၀၂၄(စနေနေ့)
၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၁:၀၀ စိုက်မွေးသုတ
၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်
၄။ ၁၄:၃၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၆:၀၀ First Step
၆။ ၁၈:၂၀ Thazin Request Song

ညောင်ဦး၊ လူမှုရေး

# ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ရေလှူဒါန်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ညောင်တိုကျေးရွာမှဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းကြောင်းသိရသည်။

ထိုသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းရာတွင် ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့မှ နာယကဆရာတော် အရှင်သာဂရ၏ ဦးဆောင်မှုဖြင့် ပရဟိတအသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ် ညောင်တိုကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ရေဂါလန် ၃၂၀၀ ကို အိမ်ထောင်စုလူဦးရေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးသည်။

ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့အနေဖြင့် မြို့နယ်အတွင်း သောက်သုံးရေလိုအပ်နေသော ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာစာသင်ကျောင်းများကို သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် နေ့စဉ်ရေသယ်ယာဉ်နှစ်စီးဖြင့် စဉ်ဆက်မပြတ်ရေလှူဒါန်းပေးလျက်ရှိသည့်အပြင် ကျေးရွာ၌ ချွတ်ယွင်းပျက်စီးနေသော စက်ရေတွင်းများကိုလည်း ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ဘားအံ၊ အသိပညာပေး

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲဆောင်ရွက်

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့၌ ဒေသနေပြည်သူများနှင့်ကလေးသူငယ်များ ကလေးအလုပ်သမားနှင့် ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မိုးအေးနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နော်မုနော်ဂေတို့က မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျော့နည်းပပျောက်စေရန်နှင့်တားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသောအလုပ်နှင့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်ဟူသည့် ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက် (၃)ရပ်နှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပြစ်မှုများအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

# ကျန်းမာရေးနှင့်ညီညွတ်သော မိုးရာသီဓာတ်စာ ဂုံမင်း

မိုးရာသီတွင်ပေါ်လေ့ရှိသော ဂုံမင်းပင်အကြောင်းကို လူသိနည်းလှသော်လည်း ဂုံမင်းသည် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာပေးစွမ်းနိုင်သည်။ ဂုံမင်း၏အရသာမှာ ချို၍အနည်းငယ်ပူသည်။ ဂုံမင်းပင်ကို ရောဝတီတိုင်းဒေသကြီး၌ အများအပြားတွေ့ရတတ်ပြီး ဒေသအခေါ် မြင်းစဂုံနီ၊ ဂုံမင်းပင်၊ ဂုံခါးပင်ဟု အမျိုးမျိုးခေါ်ဆိုကြသည်။

ဂုံမင်းကို ရုက္ခဗေဒအမည်အရ Amomum Cory–nostachyum Wall ဟုခေါ်သည်။ Zingiberaceae မျိုးရင်းဖြစ်ပြီး ပတဲကောကြီး၊ ပတဲကောလေး၊ နနွင်း၊ ဖာလာ၊ ငွေပန်းပင်၊ ကွမ်းစားဂမုန်း၊ မိဿလင်၊ ချင်း တို့နှင့် မျိုးရင်းဆင်တူသည်။

အပင်၏ပုံသဏ္ဌာန်မှာ အရိုးမာ၍ အရွက်မှာ အစိမ်းနုရောင်ဖြစ်ပြီး အရွက်ပေါ်တွင် အမွေးနုကလေးများပါရှိသည်။ အရိုးတံများကို ချိုးကြည့်သောအခါ



**“ဂုံမင်းက မိုးရာသီတွင်အဖြစ်များသော အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်းများကို သက်သာပျောက်ကင်းစေနိုင်သည့် အပြင် ချွဲ၊ သလိပ်ကြေစေပြီး အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ကိုသန့်စင်စေသည် . . .”**

အစေးဖြူများထွက်ရှိသည်။ အပွင့်ဝါပြီး အခိုင်လိုက်ပွင့်တတ်သည်။ သေးငယ်သောအသီးမှည့်လေးများ ရှိကြသည်။

မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်လေ့ရှိပြီး မိုးရာသီတွင် အများဆုံးပေါက်သည်။

အသီး၊ အရွက်၊ အမြစ်၊ အပွင့်ပင်စည်တစ်ပင်လုံး အသုံးဝင်သည်။ မြန်မာဆေးကျမ်းများတွင် ဂုံမင်းသည် ချို၏။ အနည်းငယ်ပူ၏။ သွေးကိုကြွစေ၏။ ဝမ်းမီးကိုတောက်စေတတ်၏။ ပြုတ်၍တို့လျှင် ချိုဖန်အရသာရှိ၏ဟု ညွှန်းဆိုထားသည်။

ဂုံမင်းပင်၏ရုက္ခမူလဓာတ်သဘောအရ အသက်ရှူလမ်းကြောင်းတစ်လျှောက်နှင့် အဆုတ်ကို သန့်စင်စေနိုင်စွမ်းရှိသည်။ ထို့ကြောင့် ဂုံမင်းစားခြင်းဖြင့် အောက်ဖော်ပြပါကျန်းမာရေးအကျိုးကျေးဇူးများစွာကို ရရှိနိုင်သည်။

- ခံတွင်းပျက်၍ အစားအသောက်ပျက်ခြင်းအတွက် ဂုံမင်းပင်၏အမြစ်ကို ဆားနှင့်သွေးပြီးလျှာရင်းအထိန္နိုက်၍ ပွတ်လိမ်းပေးခြင်းဖြင့် ခံတွင်းလိုက်လာပြီး အစားစားချင်စိတ်ဖြစ်လာစေသည်။
- ဂုံမင်းသီးကို သနပ်ခါးနှင့်အတူ ရောသွေး၍ လိမ်းပေးခြင်းဖြင့် မျက်နှာပေါ်မှဝက်ခြံများကို ပျောက်ကင်းစေသည်။ အသားအရေကြမ်းခြင်းအတွက်ကိုလည်း ဤနည်းအတိုင်းလိမ်းပေးခြင်းဖြင့် အသားအရေချောမွေ့စေနိုင်သည်။
- ဂုံမင်းသီးနှင့် တောင်တန်ကြီးကိုရောသွေး၍ ရင်ဘတ်ကိုလိမ်းပေးပါက အဆုတ်ရောင်ရောဂါကို သက်သာစေနိုင်သည်။
- ဂုံမင်းပင်၏အမြစ်ကိုပြုတ်ပြီး ထိုပြုတ်ရည်ကို သကြားနှင့် ဖျော်သောက်ပေးခြင်းဖြင့် ဆီးကျဉ်၊ ဆီးအောင့်ရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။
- ဝဲ၊ နှင်းခူ၊ ရေယုန်၊ ပွေး၊ ညှင်း၊ တင်းတိပ်များအတွက် ဂုံမင်းသီးနှင့် နန်းလုံးကြိုင်တို့ကို အလေးချိန်ဆတူရောစပ်၍ မီးကျွမ်းအောင်ကင်ပြီး နှမ်းဆီစစ်စစ်ဖြင့် သမအောင်နယ်ပြီး လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့်ဖျော်၍ အရေပြားပေါ်လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။
- ကလေးသူငယ်များတွင် အဖြစ်များသည့် ကြက်ညှာချောင်းဆိုးရောဂါ၊ အစာမကြေခြင်း၊ အော့အန်ခြင်းတို့အတွက် ဂုံမင်းသတ္တုရည်နှင့် ကြက်သွန်ဖြူသတ္တုရည်တစ်မျိုးစီကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်စီ တစ်နေ့နှစ်ကြိမ် တိုက်ကျွေးပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။
- ဂုံမင်းပင်၏အမြစ်ရင့်ရင့် ၂၅ ကျပ်သားကို ထုထောင်း၍ ဆန်ဆေးရည်တစ်ပိဿာဖြင့် အိုးသစ်တစ်လုံးတွင်စိမ်ပြီး ထန်းလျက် ၁၀ ကျပ်သားကို ထုခြေထည့်ပါ။ စမုန်မျိုးငါးပါး လေးပဲသားစီကို အဝတ်ဖြင့်ထုပ်၍ ယင်းစိမ်ရည်အိုးထဲသို့ထည့်ပါ။ ထို့နောက် အိုးကိုလုံအောင်ပိတ်ပြီး မြေကျင်းတူး၍ သုံးရက်မြှုပ်ထားပါ။ သုံးရက်ကျော်ပါက အိုးကိုပြန်ဖော်၍ ဆေးစိမ်ရည်ကို လက်ဖက်ရည်အကြမ်း ပန်းကန်လုံးတစ်လုံး နံနက်အိပ်ရာထတစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ်သောက်ပါ။ ထိုသို့သောက်ပေးခြင်းဖြင့် နှလုံးရောဂါ၊ အသည်းနှင့် ပတ်သက်သောရောဂါများ၊ အူသိမ်အူမကြီးနှင့် ပတ်သက်သောရောဂါများ၊ ဆုံဆို့နာရောဂါ၊ မီးယပ်သွေးဆုံးရောဂါ၊ အဖျားရောဂါ စသည့်ရောဂါအမျိုးမျိုးတို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်ဝန်ရှိစခံစားရလေ့ရှိသော အော့အန်ခြင်းကိုလည်း ပျောက်ကင်းစေပြီး စားဝင်အိပ်ပျော်စေနိုင်သည်။

ဂုံမင်း၏အနံ့အရသာမှာ အစားမစားနိုင်သော သက်ကြီးရွယ်အိုများအတွက် ခံတွင်းကောင်းပြီး နှုတ်မြိန်စေသည်။ ဂုံမင်းကို ဟင်းလျာအဖြစ်ချက်စားသောအခါ အပေါ်ယံအခွံများကို အထပ်ထပ်ခွာပြီး ကျန်သည့်အနုကိုသာ ချက်စားရခြင်းဖြစ်သည်။

- တချို့က ဂုံမင်းကိုပြုတ်ကာ ငါးပိရည်အတို့အမြှုပ်အဖြစ် စားကြသကဲ့သို့ တချို့ကလည်း အချဉ်ရည်စိမ်၍စားကြသည်။
- ဂုံမင်းကို အလိုရှိသလောက်ပိုင်းဖြတ်ကာ အနည်းငယ်ထု၍ ပုစွန်ခြောက် သို့မဟုတ် မျှင်ငါးပိ၊ ကြက်သွန်ဖြူနှင့် ငရုတ်ကောင်း အနည်းငယ်ခတ်ကာ ဟင်းခါးပူပူချက်သောက်လေ့ရှိကြသည်။
- ဂုံမင်းကို ငါး၊ ပုစွန်တို့ဖြင့်လည်း ချက်စားနိုင်သည်။
- ဂုံမင်းပင်အမြစ်ကိုပြုတ်ပြီး မျှစ်ကဲ့သို့ထွင်း၍ သား၊ ငါး၊ ပုစွန်တို့ဖြင့်လည်း ကြော်ချက်စားကြသည်။

အချုပ်အားဖြင့်ဆိုသော် ဂုံမင်းက မိုးရာသီတွင် အဖြစ်များသော အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်းများကို သက်သာပျောက်ကင်းစေနိုင်သည့်အပြင် ချွဲ၊ သလိပ်ကြေစေပြီး အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ကို သန့်စင်စေသည်။

ထို့ကြောင့် ချိုချိုပူပူရှရှသုံးမျိုးပေါင်း အရသာထူးကာ ကျန်းမာရေးနှင့်ညီညွတ်သည့် ဂုံမင်းကို မိုးရာသီဓာတ်စာ ဆေးဖက်ဝင်ဟင်းလျာအဖြစ် စားသုံးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ပေါက်ပေါက်**

---

ထားဝယ်၊ ယဉ်ကျေးမှု

# ထားဝယ်တက္ကသိုလ်၌ ကရင်ရိုးရာဒုံးယိမ်းအကသင်တန်း မွန်အကသင်တန်းနှင့် ဂီတာသင်တန်းဆင်းပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးကျင်းပသော ကရင်ရိုးရာဒုံးယိမ်းအကသင်တန်း၊ မွန်အကသင်တန်းနှင့် ဂီတာသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်လ ၉ ရက်တွင် ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လှုသာက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ပညာရပ်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချပေးခြင်းနှင့်မလုံလောက်ဘဲ ကျောင်းသား၊ ကျောင်းသူများသည် စာပေ၊ ဂီတ၊ အဆို၊ အက၊ အတီး စသည့်မြန်မာ့ရိုးရာအနုပညာရပ်များကို စိတ်ဝင်စားအောင်၊ ထူးချွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထားဝယ်တက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးကျင်းပသော ကရင်ရိုးရာဒုံးယိမ်းအက သင်တန်း၊ မွန်အကသင်တန်းနှင့် ဂီတာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သောကြောင့် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် တက္ကသိုလ်ပေါင်းစုံမှတိုင်းရင်းသားများက မွန်တစ်ပင်တိုင်အက၊ တေးသရုပ်ဖော်အက၊ ကရင်ရိုးရာဒုံးယိမ်းအက၊ တိုင်းရင်းသားရိုးရာအက၊ ကရင် (စုံတွဲ) တေးသရုပ်ဖော်အကနှင့် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး၊ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်ပေါင်းစုံမှ ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။


ထို့နောက် တာဝန်ရှိသူများက သီဆိုကပြဖျော်ဖြေကြသော တိုင်းရင်းသားများအား ဂုဏ်ပြုငွေ ငွေကျပ်သုံးသိန်းချီးမြှင့်ပြီး ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက ကရင်ရိုးရာဒုံးယိမ်းအကနည်းပြများအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ကျော်ကျော်လတ်**

မိတ္ထီလာ၊ လူမှုစီးပွား

## နို့စားနွားမွေးမြူရေးစီမံကိန်းလုပ်ငန်း မိတ်ဆက်ရှင်းလင်း



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် ကန်တောင်ကျေးရွာအုပ်စု မုန်ပင်ဆည်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက နို့စားနွားမွေးမြူရေးလုပ်ငန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးရဲအောင်က လက်စွဲပါစာစောင်နှင့်အညီ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းအဖွဲ့ဝင်ငါးဦးကို ရွေးချယ်ဖွဲ့စည်းပေးသည်။

မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်မျိုးကောင်းမျိုးသန့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြဝ၂)

ရေဦး၊ စိုက်ပျိုးရေး

## ရေဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံ ၆၇၁၈ ဧကစိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံ ၈၁၆၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၆၇၁၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးချိန် ရေဦးမြို့နယ်မှာ မိုးစပါးဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့အထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောသည်။

ရေဦးမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ရေဦးမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄ဝ၉)

မုဒုံ၊ အသိပညာပေး

## တားမြစ်ထားသည့်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးစစ်ဆေး




မွန်ပြည်နယ် မုဒုံမြို့နယ် ရွှေဟင်္သာဈေးကြီး၌ ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချနေသည့် တားမြစ်ထားသည့်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးမင်းပြည့်စုံနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းလွင်၊ ကျန်းမာရေးကြီးကြပ်(၁)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဈေးအတွင်းဖြန့်ဖြူးရောင်းချနေသည့် အရောင်းဆိုင်တွင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သည့် အလှကုန်ပစ္စည်းများ ရောင်းဝယ်သုံးစွဲနိုင်စေရေး၊ FDA တွင်မှတ်တမ်းတင်ထားသော အလှကုန်ပစ္စည်းများကိုသာရောင်းချနိုင်ရေးနှင့် တားမြစ်အလှကုန်ပစ္စည်းများ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများ၊ တားမြစ်ပစ္စည်းများကို ရောင်းချမှုမရှိစေရေးအတွက် ဆိုင်ရှင်များအား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

(၄ဝ၆)

## စွမ်းဆောင်ကြိုးပမ်းအောင်မြင်လမ်း

➡ မိတ္တကာယ၊ စာရိတ္တနှင့်
ဘောဂစုပေါင်း၊ ဉာဏ်လည်းကောင်းစေ
ငါးထွေဗလ၊ ပြည့်စုံရအောင်
စွမ်းဆောင်ကြိုးပမ်း၊ အောင်မြင်လမ်းပေါ်
ရောက်အောင်ခေါ်သွင်း၊ လူငယ်သင်းတို့
ပျင်းရိမမူ၊ အားမာန်ယူ၍
အတူကြိုးစေ တိုက်တွန်းပေ၏။

➡ တိုင်းရေးပြည်ရာ၊ အဖြာဖြာကို
ညီညာဖြဖြ၊ နားလည်ရအောင်
လှံ့လတစိုက်၊ လိုက်နာဆွေးနွေး
အရေးအဖတ်၊ စိတ်မှတ်သားကာ
လိမ္မာပါးနပ်၊ ဆိုရေးအပ်က
ဆိုကြဝံ့ဝံ့၊ ရွံ့ကြောက်မထား
မိုးကြိုးသွားသို့၊ ပြတ်သားတိတိ
ထိမိသေချာ၊ ဆိုကြပါလေ့။

➡ ယနေ့ခေတ်မီ၊ အိုင်တီပညာ
ထွန်းကားလာတော့၊ လူ့ရွာလူ့ဘောင်
ချည်နှောင်တုပ်ထား၊ အချိန်အားတိုင်း
အင်အားကိုဖြုန်း၊ ဖုန်းပွတ်နေကြ
ပြင်ပဝင်စွက်၊ အင်တာနက်နှင့်
နှစ်သက်ဖွေစ်ဘွတ်၊ မလွတ်ကစား
စိတ်ထားမမှန်၊ ရှိကြပြန်သော်
အမှန်တွေဖုံး၊ ဆုံးရှုံးတွေခေါ်
ပေါ်ပင်ကိုလိုက်၊ စိတ်မိုက်စိတ်ရိုင်း
ထင်တိုင်းကြဲကြ၊ ဖြစ်လေရသော်
ဘဝလည်းပျက်၊ လူငယ်ခက်ပြီ။

➡ သြော်
ထို့ကြောင့်ခုနေ၊ နွဲ့ပျော်စေရ
ငယ်ဘဝဝယ်၊ ရှာကြပညာ
စာဖတ်ပါလေ့၊ ဖတ်တော့စာပေ
ကျိုးရှိလေမှ၊ အားကိုးရမည်
မုချနောင်ခါ ကောင်းစေဖို့။ ။

**ဘိုမျိုး(ရွှေဘို)**

ပြင်ဦးလွင် ဩဂုတ် ၉

# လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ်(၂၂/၂၀၂၄) သင်တန်းဆင်းဂုဏ်ပြုအခမ်းအနားကျင်းပ



လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ် (၂၂/၂၀၂၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကိုယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) စစ်ရေးပြကွင်း(၁)၌ ကျင်းပသည်။

ဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုမှုခံယူပြီး ကျောင်းဆင်းတပ်ခွဲများကို စစ်ဆေး၍ ကျောင်းဆင်းတပ်ခွဲများက တပ်စုအလိုက် အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က ဆုရအရာရှိလောင်းများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားကာ ကျောင်းဆင်းတပ်ခွဲ၏ အလေးပြုမှုကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ထူးချွန်ဆုရရှိကြသည့် မီးသတ်အရာရှိလောင်းများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး အနော်ရထာခန်းမ၌ ရာထူးခန့်အပ်လွှာများ ပေးအပ်သည်။

လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ် (၂၂/၂၀၂၄)ကို မတ်လ ၂၅ ရက်မှ ဩဂုတ်လ ၉ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှကျောင်းအုပ်ကြီး၊မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ မီးသတ်အရာရှိကြီးများ၊ ဖိတ်ကြားထားသောတိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးမှူးများ၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဧည့်သည်တော်များ၊ နည်းပြအရာရှိများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့်ဒေါက်တာသန်းဖြင့်တို့ဦးဆောင်သော အဖွဲ့သည် ယနေ့တွင် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


ဦးစွာ သင်တန်းကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော မသန်စွမ်းကလေးသူငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှု၊ စာသင်ခန်းများထားရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ မသန်စွမ်းကလေးငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ပြုစုပေးနေမှုနှင့် ပညာဆက်လက်သင်ကြားနိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

# Naypyitaw State Academy ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ



Naypyitaw State Academy အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့တွင် Naypyitaw State Academy အားကစားခန်းမ၌ကျင်းပရာ ပြိုင်ပွဲကို Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးသည်။

ဦးစွာ ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များကို ဆွစ်စနစ်ဖြင့် ပတ်လည် ငါးချီစီ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသားပွဲစဉ်တွင် ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်ကလည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

**✷ ရှေ့ဖုံးမှအဆက်**

ပြည်သူများအဆင်ပြေစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ နေ့စဉ်ပေးဝေလျက်ရှိသည်။

"ကျွန်မတို့ရဲ့ အဓိကရည်မှန်းချက်တာဝန်ဖြစ်တဲ့ ရန်ကုန်မြို့နေပြည်သူတွေကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သန့်ရှင်းသောသောက်သုံးရေကို လုံလောက်စွာဖြန့်ဝေပေးရေးဆိုတဲ့ ရည်မှန်းချက်ရှိပါတယ်။ အဲဒီရည်မှန်းချက်အတိုင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တဲ့ ရေလှောင်ကန်ကြီးသုံးခုရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနပိုင်တဲ့ ရေလှောင်ကန်နှစ်ခုရှိပါတယ်။ စုစုပေါင်းရေလှောင်ကန်ငါးခု၊ ရေသန့်စင်စက်ရုံနှစ်ခုကနေပြီးတော့သန့်စင်ပြီးသား ပိုးသတ်ပြီးသား သောက်သုံးရေတွေကို တစ်နေ့ကိုရေဂါလန်သန်းပေါင်း ၂၃၇ သန်း ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့နေ ပြည်သူများအတွက် ဖြန့်ဝေပေးသည့် သောက်သုံးရေများအား ရေသန့်စင်စက်ရုံများ၊ ရေတွန်းစက်ရုံနှင့် ရေလှောင်ကန်ကြီးများတွင် ကလိုရင်းဆေးခတ်ပြီးမှဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ကလိုရင်းဆေးခတ်ရာတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်းခတ်ခြင်းဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကဖြန့်ဝေသည့် သောက်သုံးရေများသည် အဆင့်ဆင့်သန့်စင်ပြီးမှ ဖြန့်ဝေခြင်းဖြစ်သည့်အတွက်ပြည်သူများအနေဖြင့် စိတ်ချစွာသုံးစွဲနိုင်ကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကဖြန့်ဝေသည့် သောက်သုံးရေများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောရေဖြစ်သော်လည်း သုံးစွဲသူများ၏နေအိမ်ရှိ ရေကန်၊ ရေတိုင်ကီ၊ ရေပုံးများလည်း သန့်ရှင်းရန်လိုအပ်ကြောင်း၊ ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ပေးရန်လိုအပ်ကြောင်းနှင့် ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ခြင်းမရှိပါက ပိုးမွှားများပေါက်ဖွားနိုင်ခြင်းကြောင့် ကျန်းမာရေးအသိဖြင့် သုံးစွဲကြရန်လိုအပ်ကြောင်းလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှသိရသည်။ **ဝန်းရံ**

**◆ ကျောဖုံးမှအဆက်**

နှစ်သင်းစလုံးဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း လိုအပ်နေသည့် ဦးဆောင်ဂိုးများအတွက် နှစ်သင်းစလုံးတိုက်စစ်ဖြင့်ကစားခဲ့ရာမှ ပွဲချိန် ၅၂ မိနစ်တွင် ရဲမိုးယံက မြဝတီအက်ဖ်စီအသင်းအတွက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ပြီးနောက် ဒဂုံပေါ့အသင်းက ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၉ မိနစ်တွင် Mogouက ဒဂုံပေါ့အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၉၄ မိနစ်တွင် မျိုးဆက်ပိုင်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံပေါ့အသင်းက မြဝတီအက်ဖ်စီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ဒဂုံပေါ့အသင်းမှ မျိုးဆက်ပိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) အဖြစ်ဩဂုတ်လ ၁၀ ရက် **(ယနေ့)**ညနေ ၄ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဩဂုတ် ၉

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန်များ ထုတ်လွှင့်နိုင်ရေး၊ အိန္ဒိယနိုင်ငံအကူအညီဖြင့် တည်ဆောက်မည့် စာဆိုဗိမာန်အဆောက်အဦကို စက်တင်ဘာလတွင် မင်္ဂလာပန္နက်တင်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ ခရီးသွားမြှင့်တင်ရေးကဏ္ဍ၊ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးမြှင့်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

# မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများနှင့် ဝါစက်လုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာ၌ ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာရှိ အလင်းရောင် လယ်ယာနှင့် အထွေထွေစီးပွားသမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသား တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံအတွင်းရှိပြည်သူများ အဝတ်အထည်များဖူလုံရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ အလွန်အရေးကြီးကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်ရန် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါခူးဆွတ်ချိန်တွင်လည်း အရည်အသွေး၊ အမျိုးအစား Grade A,B,C အဆင့်ဆင့်ရှိသည့်အနက် သတ်မှတ်အရည်အသွေးနှင့် ပေါက်ဈေးနှုန်းကို တောင်သူကြီးများသိရှိအောင် တာဝန်ရှိသူအဆင့်ဆင့်မှ အသိပညာပေးရန် လိုအပ်ကြောင်း၊ စနစ်တကျခူးဆွတ်ထွက်ရှိလာသောဝါများ ဈေးကောင်းရရှိရေး ဈေးကွက်သေချာစွာရရှိရေး အစိုးရနှင့် ပုဂ္ဂလိက ချည်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တောင်သူအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးကြိုဝါစိုက်ခင်းများတွင် ဝါခူးဆွတ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် ဆည်ကန်ဝါစက်ရုံနှင့် မန်းရတနာ ဝါဂွမ်းနှင့် ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံများသို့ ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များထုတ်လုပ်နေမှုများနှင့် ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲနိုင်မှုကြောင့် စားသုံးဆီအပြင် တိရစ္ဆာန်အစာအတွက် ဝါဖတ်များကိုပါရရှိခြင်းကြောင့် များစွာအကျိုးရှိကြောင်း၊ ဝါစိုက်ဧကအပေါ်အခြေခံ၍ ကုန်ကြမ်းရရှိမှုအပေါ်မူတည်ကာ ဝါဖန်စက်များ ထပ်မံလိုအပ်မှု ရှိ/မရှိ တင်ပြပေးရန်နှင့် ထပ်မံလိုအပ်သော စက်များကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့်အတွက် တိုးချဲ့ဆောင်ရွက်လိုပါက ဆောင်ရွက်မည့်အစီအစဉ်များ ပြန်လည်တင်ပြကြရန်လိုအပ်ကြောင်း ပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ တီဘီအယ်လ်ကုမ္ပဏီလီမိတက်၏ ဝါ၊ နေကြာ၊ နှမ်း၊ စပါးမျိုးစေ့များနှင့် အခြားသီးနှံမျိုးစေ့များ ထုတ်လုပ်နေမှု၊ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် လိုအပ်သောဒေသများသို့ သမဝါယမအသင်းများဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

(မဝ)

နေပြည်တော် ဩဂုတ် ၉

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဩဂုတ် ၉

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ်လ ၈ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ National Convention Center ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံကျန်းမာရေးဝန်ကြီးများ၏ အာဆီယံကျန်းမာရေးကဏ္ဍလုပ်ငန်းများသုံးသပ်ခြင်းနှင့် ၂၀၂၅ အလွန် ကျန်းမာရေးကဏ္ဍ ဦးစားပေးအစီအစဉ်များ သတ်မှတ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ကြီးအနေဖြင့် ပိုမိုကျန်းမာကောင်းမွန်သော၊ ပိုမိုတည်တံ့ခိုင်မြဲသော၊ အာဆီယံအသိုင်းအဝိုင်းဖြစ်ပေါ်စေရေးအတွက် ကျန်းမာသောလူနေမှုဘဝပုံစံမြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားကောင်းအောင်ဆောင်ရွက်ရေး၊ အသစ်ဖြစ်ပေါ်လာမည့် ကူးစက်ရောဂါများနှင့်ပြန်လည်ခေါင်းထောင်လာမည့် ကူးစက်ရောဂါများကိုစောင့်ကြည့်ခြင်းနှင့်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိစေရေး (Universal Health Coverage)၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသောကျန်းမာရေးစနစ်အဆင့်မြှင့်တင်ရေး၊ ပြောင်းလဲတိုးတက်လာသည့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်နိုင်ရေး၊ လူနာများဘေးကင်းလုံခြုံရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံစိတ်ချရမှု တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ အားကောင်းခိုင်မာသော ကျန်းမာရေးစနစ်မြှင့်တင်ရေးအတွက် ကျန်းမာရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်မှုသည်လည်းကောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသည်လည်းကောင်း အလွန်အရေးကြီးသည်ကိုမီးမောင်းထိုးပြလျက်ရှိကြောင်း၊ အလားတူ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှု၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ပူးပေါင်းမှုဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေးလုံးဝထိုးနှံနိုင်ခြင်းမရှိခဲ့သည့် ကလေးငယ်များကို သုံးဆခန့် လျှော့ချနိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ကာကွယ်ဆေးထိုးလုပ်ငန်းအောင်မြင်မှုများကိုအသိအမှတ်ပြု မှတ်တမ်းတင်ထုတ်ပြန်ထားကြောင်း၊ ဆက်လက်၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

နေပြည်တော် ဩဂုတ် ၉

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲပြုလုပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အပြစ်မဲ့အရပ်သားပြည်သူများအပေါ် MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြို့တော်ခန်းမရှေ့တွင် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)မှ ဦးဆောင်၍ ပြုလုပ်သည်။

ဦးစွာ ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲသို့ တက်ရောက်လာကြသူများက "အပြစ်မဲ့အရပ်သားပြည်သူများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများအား ကန့်ကွက်ရှုတ်ချပါသည်"၊ "MNDAAနှင့်ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်သတ်ဖြတ်ခံရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အပြစ်မဲ့အရပ်သားပြည်သူများအတွက် ဝမ်းနည်းကြေကွဲရပါသည်"၊ "MNDAA အကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူ ရာနှင့်ချီ၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်"၊ "တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေကြသော တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်" စသည့် ဗွီနိုင်းများကိုင်ဆောင်၍ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

ဆက်လက်၍ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သောယုတ်မာမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် "MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာသတ်ဖြတ်နေသည့်အကြမ်းဖက်များအလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်နှိမ်နင်းဆောင်ရွက်ပေးရေးဒို့အရေး၊ ပြည်သူကို သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့" စသည့်ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)မှ ဦးဆောင်၍ ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲပြုလုပ်စဉ်။


၉-၈-၂၀၂၄

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | |
|---|---|---|---|---|
| မန္တလေး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

# လောကပြတင်း အလင်းတံခါးများ

ရာမည-သွေးမွန်



စာဖတ်ခြင်းသည် အသိကိုတိုးပွားစေ၍ ဉာဏ်ပညာကို တိုးတက်စေသည်။ စာဖတ်သည်ဆိုရာ၌ တတ်ဖို့၊ သိဖို့၊ လိမ္မာ ဉာဏ်ရင့်သန်ဖို့ ဖတ်ရခြင်းဖြစ်သည်။ လူတို့သည် ကိုယ်တွေ့ဖြင့် အဘယ်အလုပ် အဘယ်အကြောင်းအရာတို့ကိုမျှ ကုန်စင်အောင်မသိနိုင်။ နှစ်ပေါင်းများစွာကြုံတွေ့ရရှိခဲ့သော လူပေါင်းများစွာတို့၏ အသိဉာဏ်၊ ခေါင်း၊ ဦးနှောက်ပေါင်းများစွာတို့၏ အသိအတွေးအမြင်များကိုစုစည်းထားသော စာအုပ်များကိုဖတ်မှသာ လုံလောက်သော အသိဉာဏ်ပညာ၊ ဗဟုသုတကို ရရှိနိုင်ပေမည်။

စာတစ်အုပ်ကိုဖတ်မိလျှင် ယင်းစာတစ်အုပ်၏ ညီမျှသောအသိဉာဏ် ရရှိပေမည်။ နှစ်အုပ်ဖတ်မိလျှင် နှစ်အုပ်နှင့်ညီမျှသော အသိဉာဏ်ရရှိပေမည်။ ဤသည်ကို သံသယဖြစ်ဖွယ်မရှိ။ မဖတ်သူမှာကြီးပွားတိုးတက်ရေးအသိဉာဏ်လမ်း၌ ခြေစုံရပ်နေသူပေတည်း။ စာဖတ်နေသူမှာမရပ်။ ဖတ်လျှင် ဖတ်သလောက် အသိဉာဏ်တိုးတက်မြင့်တက်မည်သာဖြစ်သည်။ မည်သို့သောအခါမှမရပ်။ သေသော်မှသာ ရပ်လိမ့်မည်ဖြစ်သည်။

**လူမျိုးဘာသာ အတန်းအစားမကွဲသည့် စာပေ**

စာပေသည် အသိဉာဏ်ကိုပေးသည်ဖြစ်ရာ စာပေအဆင့်အတန်း တိုးတက်လေလေ၊ အသိတရားတိုးတက်ပွားများဖို့ အခွင့်အလမ်းများလေလေဖြစ်သည်။ ထို့ကြောင့် မွန်၊ ဗမာ၊ ကုလား၊ အင်္ဂလိပ်၊ တရုတ် စသည်ဖြင့် လူမျိုးရေး၊ ဘာသာ



ရေး အကွဲကွဲအပြားပြားရှိနေစေကာမူ ခလေ့ထုံးတမ်း တစ်မျိုးတစ်ဖုံစီရှိပါစေ စာပေတည်းဟူသော အမွေအရင်းခံကြောင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုပေါင်းသင်းရန် အဆင်ပြေနေသည်။ ထိုသို့စာပေနယ်ပယ် ကျယ်ဝန်းလာစေရန် ပြုစုကြိုးပမ်းခဲ့ကြရသော နှစ်ပရိစ္ဆေဒအရေအတွက်ကိုကား အမှတ်မထင်ရှိကောင်းရှိပေမည်။

ယခုကာလခေတ်အခါသည် လွန်ခဲ့သောနှစ်ပေါင်း လေး၊ ငါးသောင်းလောက်က ကျောက်ခေတ်ဂူအောင်းနေလူနှင့် အလွန်ကွာခြားနေပြီဖြစ်သည်။ ထိုစဉ်က လူသား တစ်ဦးနှင့်တစ်ဦးချင်း သိရှိနားလည်ဆက်ဆံနိုင်ရန်ပင် အလွန့်အလွန်ခက်ခဲခဲ့သည်။ ကျောက်ခေတ်သည်စာရေးနိုင်သည့်အဆင့်ရောက်ရန်ပင်ဝေးစွ၊ နှုတ်ထွက်စကားပင်ဝေါဟာရများစွာသုံးနိုင်သည်မဟုတ်။ ထိုအခြေအနေမှာပင် လူ့ပင်ကိုဗီဇဉာဏ်ရည်အရ ကျောက်နံရံတို့တွင် အမှတ်အသားသင်္ကေတများကို ရေးခြစ်ကြသည်။

အသို့သောကာလမျိုးတွင် အသံလိုက်အက္ခရာများ အစားထိုးလာသည်။ ဝေါဟာရ တစ်လုံးစ နှစ်လုံးစ နားလည်မှုရလာသည်။ ယခုခေတ်မှာမူ မိမိတို့ရရှိထားသောဝေါဟာရများ ရေးခြစ်မှတ်သားစရာစက္ကူသည်ပင် အနှစ် ၂၀၀၀ ပင် မပြည့်တတ်သေးပေ။ ထိုစက္ကူမပေါ်မီက ကျောက်လွှာကျောက်ချပ်၊ သားရေပြား၊ ရွှံ့ချပ်၊ ပေရွက် အဆင့်များစွာ ကျော်ဖြတ်ကြရသည်။

**ခေတ်မီစာကြည့်တိုက်အစ ဘားနဒ် ပိဋကတ်တိုက်က**

စာပေသည် အသိဉာဏ်အသိတရား၏ အမှတ်သင်္ကေတ၊ အထိမ်းအမှတ်ဖြစ်သည်။ ရှေးက လူတို့လုံ့လဥဿာဟဖြင့် သိမ်းဆည်းခဲ့သော စာဟောင်းပေဟောင်းများ၊ ယခုခေတ်လူမျိုးပေါင်းစုံ၏ဦးနှောက်မှ ထုတ်လုပ်လိုက်သမျှသော စာများသည် စာသင်သားများအဖို့ အဆင်သင့်ဖြစ်နေချေသည်၊ ယင်းသို့သော အကြောင်းများကြောင့်လည်း စာကြည့်တိုက်ဟူသမျှကို **လောက၏ ပြတင်းပေါက်**ဟုလည်း ဖွင့်ဆိုနိုင်၏။ **"လူထုတက္ကသိုလ်"**ဟုလည်း ယူဆနိုင်သည်။ **"အသံတိတ်တက္ကသိုလ်"** ဟုလည်း သတ်မှတ်နိုင်သည်။ **"စာရတနာသိုက်"**ဟုလည်း ဖော်ညွှန်းနိုင်ကာ ထိုမျှမက **"နိုင်ငံ၏ ဦးနှောက်"**ဟုလည်း တင်စားနိုင်ပေသေးသည်။

စာပေအမွေခံရှိကြပြီးသော လူမျိုးတိုင်းသည် စာကိုရှာဖွေစုဆောင်းသည်။ မည်သူ မည်ဝါပိုင် စာအုပ်အရေအတွက်သည် မည်မျှရှိသည်။ မည်သူသည် စာအလွန်ဖတ်သည်။ ပညာဉာဏ်ကြီးမားပါပေသည် စသည်ဖြင့် ချီးမွမ်းစကားဆိုကြသည်။ နှုတ်ဖြင့်၊ စာဖြင့်ဖော်ပြကြသည်ကို သတင်းစာများတွင် ဖတ်ရလေ့ရှိသည်။

နယ်ချဲ့တို့ အထက်မြန်မာပြည်မသိမ်းမီ မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်၌ အောက်မြန်မာပြည်မင်းကြီး ဆာချားလ်ဘားနဒ်က သူပိုင်စာအုပ်များဖြင့်မတည်ကာ ဘားနဒ်ပိဋကတ်တိုက် ခေတ်မီစာကြည့်တိုက်ကို တည်ထောင်ခဲ့သည်။ တရားဝန်ဂျာဒင်း၊ ပါဠိပါမောက္ခ ချီလဒါးတို့က မိမိတို့၏ အဖိုးတန်စာအုပ်များကိုလှူကြသည်။ မြန်မာများထဲက ဦးမြို့၊ ဦးမျှင်တို့က ပေမူ၊ ပုရပိုက်မူများ ရေစက်ချလှူဒါန်းသည်။ နောင်တွင် ကင်းဝန်မင်းကြီး၊ ပုဂံဝန်ထောက်ဦးတင်တို့၏ ပေ၊ ပုရပိုက်စုများ ဝယ်ယူဖြည့်တင်းခဲ့ကြောင်းလည်း သိရသည်။

စာအုပ်များကို ကွယ်လွန်ပြီးနောက် တစ်စုံတစ်ယောက်အား အမွေပေးခဲ့သည်ဟူသောသတင်းများလည်းကြားသိရသည်၊ ဤသို့သောလူစားများသည် ငွေကြေးဓနပစ္စည်းထက် စာပေ၏တန်ဖိုးကို မြတ်မြတ်နိုးနိုးရှိသူများဖြစ်သည်၊ တလေးတစားတန်ဖိုးထားသူများအဖို့ အဆန်းတကြယ်တော့မဟုတ်။ လူမျိုးနှင့်ချီ၍လည်း စာပေအနုယဉ်ကျေးမှုစုဆောင်းတတ်ကြပြန်သည်။ ပြည်သူ့စာကြည့်တိုက်၊ နိုင်ငံတော် စာကြည့်တိုက်များသည် လူမျိုးစုအလိုက် အင်အားဖြင့် စုဆောင်းကြခြင်း၏ သရုပ်ပင်ဖြစ်သည်။

တစ်ဦးချင်းစုဆောင်းခြင်းက စာပေဗဟုသုတနယ်ကျဉ်းသည်။ ရရှိသည့်စာပေအကျိုးသည်လည်း အကျိုးကျေးဇူးမများလှပေ။ လူနည်းစုကိုသာ အကျိုးများနိုင်ပေသည်။ ကျေးလက်စာကြည့်တိုက်/ ပြည်သူ့စာကြည့်တိုက်များသည် စာအုပ်အရေအတွက်များသည်နှင့်အမျှ ရရှိသည့် အကျိုးကျေးဇူးသည်လည်း များပြားကျယ်ပြန့်မည်မှာ သံသယဖြစ်ဖွယ်မရှိချေ။

**မြန်မာတို့၏ကျေးလက်စာကြည့်တိုက်များ**

၁၉၃၀ ပြည့်နှစ်ခန့်တွင် ကျေးရွာစာဖတ်ခန်းများ ထွန်းကားလာစပြုသည်။ ကျေးလက်ပြုပြင်ရေးအသင်းဟူ၍လည်းကောင်း၊ လူငယ်များ ကြီးပွားရေးအသင်းဟူ၍လည်းကောင်း ရှိလာသည်။ ထိုအသင်းနှစ်သင်း၏ဦးဆောင်ကြိုးပမ်းမှုဖြင့် ကျေးရွာစာကြည့်တိုက်တစ်ထောင်ခန့်ဖြစ်လာသည်။ ဦးဖိုးကျား၊ ဦးဆန်နီတို့သည် အဆိုပါစာကြည့်တိုက်များသို့ စာအုပ်အများဆုံး လှူဒါန်းလေ့ရှိကြသည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်၏ ဒဏ်ရာဒဏ်ချက်ဖြင့် ပြိုကွဲဆုံးပါးကြရပြန်သည်။

ဒီမိုကရေစီသည် ပြည်သူလူထု လူတန်းစားအများစု၏ ကောင်းကျိုးကို ဖော်ဆောင်ရသော ဖော်ဆောင်ပေးနိုင်သောစနစ်၊ ကျင့်စဉ်ဖြစ်ပေရာ အခြေခံခိုင်ခိုင်မာမာ မှန်မှန်ကန်ကန် ထိန်းကျောင်းပေးနိုင်ဖို့ မိမိတို့ပြည်သူများတွင် တာဝန်ရှိနေပေသည်။ ယင်းသို့သော တာဝန်အတွက် ပြည်သူတွေမှာ အသိပညာ၊ ဗဟုသုတ ကုံလုံကြွယ်ဝနေရန် လိုအပ်သည်။

ကျေးရွာများတွင် စာကြည့်တိုက်များထားခြင်းဖြင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ မြင့်မားစေဖို့ဖြစ်သည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့်နိုင်ငံ၊ တောင်သူလယ်သမားများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်လာစေဖို့လိုသည်၊ သို့မှသာ နိုင်ငံလည်းဖွံ့ဖြိုးလာမည်၊ ယင်းအတွက် အဓိကအခြေခံကျသည့် ကျေးလက်နေပြည်သူများ အသိဉာဏ်ပညာဗဟုသုတ ကြွယ်ဝကြစေဖို့သည် ပထမဖြစ်သည်။

ကျေးလက်ပြည်သူများ မီဒီယာများ၏ အလှည့်အဖြား မခံကြရစေရေး ကိုယ်ခံစွမ်းအားကောင်းစေရန်ဖြစ်သည်။ လက်ရှိတွင် IT၊ ICT ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီဒီယာသည် အလွန်လျင်မြန်စွာ လှည့်ဖြားဒုက္ခပေးနိုင်သည်။ နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသည့် အမျိုးသားရေးအမှတ်လက္ခဏာ (Identity) များ ပျောက်ကွယ်ကာ ခေတ်သစ်ကိုလိုနီဘဝသို့ ကျရောက်သွားနိုင်သည်။ ထို့ကြောင့် မီဒီယာဆိုးများ၏အလှည့်အဖြား မခံရစေရေး ကိုယ်ခံအားပြည့်ဝနေစေရန် အသိမှန်၊ အမြင်မှန်များကို လမ်းညွှန်ပေးနိုင်သည့် စာကြည့်တိုက်များ ထူထောင်ရခြင်းဖြစ်သည်။

ယခုအခါ မှတ်တမ်းများအရ အားလုံးလိုလို ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဟုဆိုသည်။

**မည်သို့သောစာကို ဖတ်ကြမည်နည်း**

မိမိတို့သည် စာကိုဖတ်ရန်သာတိုက်တွန်းတတ်ကြသည်။ မည်သို့သောစာကို ဖတ်ရမည်နည်းဟူသည်ကို ချန်မထားသင့်ပါ။ စာဖတ်ကြသူများ ဝိဝါဒကွဲလွဲတတ်ကြသည်။ စာဖတ်ခြင်းသည် ကျောင်းပညာသင်ခြင်းကဲ့သို့ အဆင့်ဆင့်တိုးမြှင့်သတ်မှတ်ချက်မရှိပါဟု အချို့ကဆိုသည်။ သို့သော် ဘဝလုပ်ငန်း အတွေ့အကြုံစုဆောင်းရာတွင် ရင့်ကျက်မှုအဆစ်အပိုင်းများရှိတတ်မြဲဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ⇨

➪ စာမျက်နှာ ၁၃ မှအဆက်

စာဖတ်ရာတွင်အချို့ကား တွေးတောဖို့ဖြစ်၏။ ဤလူစားမျိုးကား ရှားပါးလှ၏။ အချို့ကား စာရေးရန်အတွက်ဖြစ်၏။ ဤလူစားမျိုးကား ယေဘုယျဖြစ်၏။ အချို့ကား စကားပြောဖို့ရန်ဖြစ်၏။ ဤလူစားမျိုးကား အများဆုံးပင်ဖြစ်သည်။

မြန်မာများထဲက ဘားမင်းသတင်းစာ အယ်ဒီတာနှင့် မြို့မကျောင်းဆရာကြီးဟောင်း ဦးတင့်ဆွေ(၁၉၀၆-၁၉၅၃)က "လောက၌ လူမည်သည်မှာ ကိုယ်နှင့်စိတ်နှစ်ခုပေါင်းမှ လူဖြစ်လာခြင်းဖြစ်၏။ ကိုယ်ကိုသာအစာကျွေးပြီး၊ စိတ်ကို အစာမကျွေးဘဲထားလျှင် အကျိုးနည်းလိမ့်မည်" ဟု ဆိုပါသည်။

သို့ဖြင့် အသက် ၈၀ နီးမှ စာရေးဆရာဖြစ်ပြီး အသက် ၉၀ ကျော်တွင် ကွယ်လွန်သွားခဲ့သော စာပေဆုနှင့် ပညာရေး၊ လူမှုရေးအလှူရှင် ကျေးလက်နှင့်မြို့ပြတွင်စာကြည့်တိုက်များ ထူထောင်ရပ်တည်နိုင်အောင်ပြုလုပ်ပေးခဲ့သည့် ပခုက္ကူ ဦးအုန်းဖေက ''လူတို့တွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာဖြစ်သည်။ အသိပညာကို အတွေ့အကြုံနှင့်စာပေမှသာရနိုင်သဖြင့် လူတိုင်းစာဖတ်သင့်ပါသည်"ဟူ၍ ဆိုခဲ့ဖူးသည်။

သို့ဖြစ်၍ စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးရေး၏ လိုအပ်ချက်ဖြစ်သည့် ပြည်သူများ၏ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းတည်ဆောက်မည့် စာကြည့်တိုက်အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း ၁၅၀ ဖြင့် "ပညာဒါန" လှူဒါန်းနိုင်ပါကြောင်း သတင်းစာများတွင် ကြေညာထားသည်ဖြစ်ရာ စာပေချစ်သူ မိဘပြည်သူများအနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့ပေးနိုင်ကြပြီဖြစ်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိ

## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်ဖြန့်ဖြူးသူများက သက်သာသော ဈေးနှုန်းများဖြင့် စားသောက်ကုန်ပစ္စည်းများရောင်းချပေးခြင်းကို ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် မြို့မဈေးဝင်းအတွင်း၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အမဲသား၊ ဝက်သား၊ ကြက်သား၊ ညှော့မထဆန်၊ စားအုန်းဆီ၊ ကြက်ဥ၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ် စသည့် စားသောက်ကုန်ပစ္စည်းများကို သက်သာသည့်ဈေးနှုန်းဖြင့်ရောင်းချပေးခဲ့ရာ အများပြည်သူများက ဝယ်ယူအားပေးကြသည်။

ယခုကဲ့သို့စားသောက်ကုန်ပစ္စည်းများ ရောင်းချနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီးဆန်းနိုင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## အောင်လံ



မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ဦးဆောင်၍ ပြည်သူများအဆင်ပြေစေရန် အခြေခံစားသောက်ကုန်နှင့် သားငါးများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် တရော်ကုန်းရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့၌ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်အတွင်းရှိ ပြည်သူများအား ညှော့မထဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသား စသည့်အခြေခံစားသောက်ကုန်နှင့်သားငါးများကို သက်သာသော ဈေးနှုန်းဖြင့်ရောင်းချပေးရာ ပြည်သူများက ဝယ်ယူအားပေးကြသည်။

အဆိုပါနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ အောင်လံမြို့နယ် ကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းကို ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် ကဒါရပ်ကွက်မင်္ဂလာဈေးရှိ သက်သာချောင်ချိရေးဆိုင်၌ ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် အမဲသား၊ ဝက်သား၊ ဆန်၊ ကြက်ဥ စသည်တို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးရာ အများပြည်သူများက ဝယ်ယူအားပေးကြသည်။

အဆိုပါဈေးရောင်းချခြင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသံမရောင်၊ အဖွဲ့ဝင် ဦးကျော်လင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော်  ဩဂုတ်  ၉

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကျင်းပ



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ ၂ ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံမျိုးစုံဖြင့်ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက ဥပဒေအရအရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတိထားရှောင်ကြဉ်ရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများကို မဖြစ်မီ ကြိုတင်ကာကွယ်တားဆီးရန်အတွက် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုလျော့နည်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိပညာများ တိုးပွားလာစေရန်ရည်ရွယ်၍ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU)များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့် နည်းပညာဆိုင်ရာသင်တန်းများပို့ချပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ခေါင်းဆောင်၍ ဝန်ကြီးဌာန၏အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြဝတီ)

နေပြည်တော်  ဩဂုတ်  ၉

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအစည်းအဝေး (၂/ ၂၀၂၄)ကျင်းပ



ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လ ၁၁ ရက်တွင်ပြုလုပ်ခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက်များအရ ပြင်ဆင်ဖြည့်စွက်ကာ ယခုအစည်းအဝေးတွင် 2nd Draft အဖြစ် တင်ပြသွားမည်ဖြစ်သဖြင့် ဆွေးနွေးအတည်ပြုပေးရန်ဖြစ်ကြောင်း၊ တတိယသက်တမ်း၏ ဒုတိယခြောက်လပတ်အစီရင်ခံစာကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလနောက်ဆုံးထား၍ အစီရင်ခံစာထွက်ရှိနိုင်ရေး ဌာနအသီးသီး၏အချက်အလက်များကို သတ်မှတ်ကာလအတွင်းပေးပို့ရန် လိုအပ်ကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ တတိယနှစ်သက်တမ်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်တွင် ပြည့်မြောက်မည်ဖြစ်သဖြင့် စီမံချက်ကာလ စတုတ္ထတစ်နှစ်သက်တမ်းတိုးနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)၏ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၄ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄)၏ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပထမခြောက်ပတ်အစီရင်ခံစာ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် စီမံချက်ကာလ စတုတ္ထသက်တမ်းတိုးရေးတို့ကိုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (မြဝတီ)

ပုသိမ်  ဩဂုတ်  ၉

# ရွှေသောင်ယံကမ်းခြေသို့ ဇူလိုင်လအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၇၀၁၁ ဦး လာရောက်လည်ပတ်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၇၀၁၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံထံမှသိရသည်။

"ရွှေသောင်ယံကမ်းခြေကို ဇူလိုင်လထဲမှာ ခရီးသွားဧည့်သည် ၁၇၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပါတယ်။ မိုးရာသီဖြစ်ပေမယ့် ခရီးသွားဧည့်သည်မပြတ်တဲ့အနေအထားဖြစ်ပါတယ်။ ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ဧည့်သည်တွေထဲမှာ နေ့ချင်းပြန်လာတဲ့ ဧည့်သည်ကများတယ်။ ဇူလိုင်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေလည်း လာရောက်ကြတယ်။ အခုလိုကမ်းခြေကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေများတော့ ဟိုတယ်တွေနဲ့ တခြားခရီးသွားလုပ်ငန်းတွေ အဆင်ပြေလာပါတယ်" ဟု ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောသည်။

ရွှေသောင်ယံကမ်းခြေတွင် ခရီးသွားဧည့်သည်များအပန်းဖြေနိုင်ရန် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းအသင်းများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက ကမ်းခြေစည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

❐ **ရှေ့ဖုံးမှအဆက်**

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

နေပြည်တော် ဩဂုတ် ၉

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား





အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(National Road Safety Council- NRSC)၏ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ကောင်စီအဖွဲ့ဝင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့်တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၌ ရေရှည်အထောက်အကူပြုလွှမ်းခြုံဆောင်ရွက်နိုင်စေရေးအတွက်မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်(၂၀၂၁-၂၀၃၀) ကို ကဏ္ဍကြီး(၈)ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသားပြုစုချမှတ်ထားပြီးဖြစ်ကြောင်း၊ NRSC က ချမှတ်ထားသည့် Quick Win အစီအမံ(၅)ရပ်နှင့် လုပ်ငန်းစီမံချက်(၂၀၂၁- ၂၀၃၀) တို့သည် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမဏ္ဍိုင်ကြီး(၅)ရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု(Road Safety Management)၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ (Safer Vehicles)၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ(Safer Road Users) နှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post-Crash Response) တို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့် Global Road Safety Plan ပါ Voluntary Targets ၁၂ ချက်ကိုပါ အခြေခံ၍ ပြုစုရေးဆွဲချမှတ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်ကောင်စီများအနေဖြင့် လုပ်ငန်း Guidelines သဖွယ်ဖြစ်သည့် Quick Win အစီအမံများနှင့် Action Plan ပါ ရေတို/ရေရှည်လုပ်ငန်းစီမံချက်များကို အထူးအလေးထား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် National Road Safety Action Plan (2021-2030)ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ်များနှင့် Quick Win အစီအမံ (၅) ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၃ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Status Report on Road Safety (2023) ပါ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လေ့လာတင်ပြချက်များကိုသုံးသပ်လျက် ကမ္ဘာတစ်ဝန်း ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၀၁၈ ခုနှစ် နောက်ပိုင်း ကျဆင်းလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ်နောက်ပိုင်းမှစ၍ နှစ်စဉ် ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း၊ လူဦးရေ တစ်သိန်းလျှင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှု ကြိမ်နှုန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိကျဆင်းခဲ့ပြီး မြန်မာနိုင်ငံ၌ ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း နှစ်ဘီး၊ သုံးဘီးတပ်ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်းသာရှိသော်လည်း အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်းရှိနေကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပထမ ၁၀ စုနှစ်ဖြစ်သော ၂၀၁၁ မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း ရည်မှန်းချက်ဖြစ်သည့် တွက်ချက်မှုအခြေခံနှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းအား ၂၀၂၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိပြီး မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံအများစုမှာ ပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ Five Key Risk Factors နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့်ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် Quick Win အစီအမံ(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များအား ပြည်သူများသိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ထားရှိမှု၊ ရှေးဦးပြုစုခြင်းသင်တန်းများဖွင့်လှစ်ပေးမှုနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်မှု၊ လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများပြင်ဆင်ဆောင်ရွက်ထားရှိမှုကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော်  ဩဂုတ်  ၉

# (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးများတက်ရောက်ခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် H.E. Mr. Ajman Bin Haji Meludin ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ဩဂုတ်လ ၅ ရက်မှ ၇ ရက်အထိကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာဖိုရမ်တို့သို့တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းလွဲပိုင်းက ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ဩဂုတ်လ ၅ ရက်နှင့် ၇ ရက်တို့တွင်ကျင်းပသည့် "အနာဂတ်တွင် အာဆီယံနိုင်ငံ့ဝန်ထမ်းကဏ္ဍ ခိုင်မာအားကောင်းရေးနှင့် အံဝင်ခွင်ကျဖြစ်စေရေး "Strengthening ASEAN Public Sector : Fit for the Future" အစည်းအဝေးများကိုလည်းကောင်း၊ ဩဂုတ်လ ၆ ရက်တွင်ကျင်းပသည့် ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာဖိုရမ် "Revolutionizing the Public Sector: Artificial Intelligence for Good Governance" ကိုလည်းကောင်း တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးများ၌ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍလုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅)နှင့် အာဆီယံအပေါင်းသုံးနိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုခြင်း၊ အခြားဆက်စပ်အစည်းအဝေးများတွင် ACCSM ကဏ္ဍအတွက် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှအဆိုပြုထားသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် အလုပ်နှင့်ဘဝဟန်ချက်ညီမှုရှိစေရေး ဝန်ထမ်းများ၏ကိုယ်စိတ်ကျန်းမာရေးအပေါ် အစိုးရ၏မဟာဗျူဟာ




များခိုင်မာအားကောင်းရေးဆိုင်ရာ အာဆီယံထုတ်ပြန်ချက်အပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍလုပ်ငန်းစီမံချက်(၂၀၂၆-၂၀၃၀) ရေးဆွဲရေးအတွက် လုပ်ငန်းစဉ်များ တင်ပြခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ၏နိုင်ငံ့ဝန်ထမ်းအကြီးအကဲက (၂၀၂၄-၂၀၂၆) ကာလအတွင်း ၎င်းတို့ တာဝန်ယူဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးများနှင့် ဆက်စပ်လုပ်ငန်းစဉ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဩဂုတ်  ၉

# ဘင်းမ်စတက် စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ်လ ၆ ရက်မှ ၈ ရက်အထိကျင်းပသည့် ဘင်းမ်စတက် စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။




အဆိုပါ ဘင်းမ်စတက်စီးပွားရေးထိပ်သီးဆွေးနွေးပွဲကို ပိုမိုကောင်းမွန်သောကုန်သွယ်မှုနှင့် စီးပွားရေးအလားအလာများအတွက် မဟာဗျူဟာမြောက် ပေါင်းစည်းနိုင်ရေးဆွေးနွေးရန်နှင့်စီးပွားရေးအတွက် လွတ်လပ်ပြီး လွယ်ကူချောမွေ့သောပတ်ဝန်းကျင်ကို ဖန်တီးရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၆ ရက် ည ၆ နာရီတွင် နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ ကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါဘီတျာမာဂါရစ်တာ (Pabitra Margherita) က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဘင်းမ်စတက် စီးပွားရေးဝန်ကြီးများ အဆင့် မျက်နှာစုံညီအစည်းအဝေးကို ဩဂုတ်လ ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်သည့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှု၊ လက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာပိုင်ရတ်ရှ်ဂိုရယ်လ်၊ နီပေါနိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဒါမိုဒါဘန်ဒါရီ၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဆူချာ့တ်ချုံကလင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ အင်ဒရာမာနီပန်နေး၊ ဘူတန်နိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်ဝန်ကြီးဌာန စက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာချိုင်းမ်ရှရင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာသီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စစ်ရှန်နူကာ ဆန်နာဝါရ်တနာ (Mrs. Kshenuka Senewiratne) နှင့် အိန္ဒိယစက်မှုလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ ဆန်ဂျီးဗ်ပူရီနှင့် ညွှန်ကြားရေးမှူးချုပ် မစ္စတာချန်ဒွါဂျီဘန်းနားဂျီတို့နှင့်အတူ ဒုတိယဝန်ကြီး ဦးမင်းမင်းတို့က ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေးအတွက် အမှာစကားများပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် ကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးဝါဒ၊ ရာသီဥတုဆိုင်ရာကိစ္စရပ်များနှင့် စွမ်းအင်လုံခြုံရေးစသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည့် ယနေ့ခေတ်ကြီးတွင် ဒေသတွင်းပေါင်းစည်းမှုသည် ရွေးချယ်စရာမဟုတ်တော့ဘဲ အမျိုးသားမူဝါဒတစ်ခု၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်ယခုအချိန်သည် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေးလိုအပ်နေချိန်ဖြစ်ပြီး ယင်းကို အပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် အရှိန်မြှင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ဘင်းမ်စတက်၏ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍတွင် ဦးဆောင်နိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်၏ အစောပိုင်း နိုင်ငံတကာအသွင်ကူးပြောင်းရေး၏ အလားအလာရှိသော ရလဒ်အချို့ဖြစ်သည့် စီးပွားရေးကွဲပြားမှု၊ စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို အဓိကထားဆွေးနွေးပြောကြားခဲ့သည်။

ယခုကျင်းပသည့် ဘင်းမ်စတက်စီးပွားရေးထိပ်သီးဆွေးနွေးပွဲသည် ကဏ္ဍကြီးငါးခုနှင့် နိုင်ငံအလိုက်ဆွေးနွေးပွဲများဖြင့် ကျင်းပခြင်းဖြစ်ပြီး တောင်တန်းနှင့်ပင်လယ်ပြင်ဒေသအခြေပြုစီးပွားရေးတွင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကဏ္ဍ၌ စွမ်းအင်ဝန်ကြီးဌာနရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဇော်မြင့်ကလည်းကောင်း၊ ဘင်းမ်စတက်ဒေသတွင်း ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကဏ္ဍတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ အလုပ်အမှုဆောင်အရာရှိ ဒေါ်လှလှရီကလည်းကောင်း၊ အမျိုးသမီးစီးပွားစွမ်းအားမြှင့်တင်ခြင်း အစီအစဉ်တွင် UMFCCI မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်ကလည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချောမွေ့သောဂေဟစနစ်ကို ဖန်တီးခြင်းကဏ္ဍတွင် UMFCCI မှ ဗဟိုအလုပ်အမှုဆောင်အရာရှိ ဦးထွန်းထွန်းနိုင်ကလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေခြင်းကဏ္ဍတွင် UMFCCI မှ ဗဟိုအလုပ်အမှုဆောင်အရာရှိ ဒေါ်နန်းကလျာဝင်းကလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ယခုအစည်းအဝေးသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် အပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ ကုန်သည်အသင်းအဖွဲ့များမှကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒရေးရာလေ့လာရေးအဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**(၅၀၀)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW August 9

# Kokang families residing in Mandalay announce terrorist acts of MNDAA terrorist insurgent group unacceptable, and strongly condemn those acts

Patients including local people, departmental personnel and families of security forces were killed when MNDAA terrorist insurgent group launched short-range rocket, heavy weapon and drone attack on the military hospital and wards, which were non-military targets, in Lashio, Shan State (North). Terrorists also abducted some of the patients, while some locals had to leave their homes.

Kokang families residing in Mandalay issue an announcement that the inhuman and barbaric acts of MNDAA terrorist insurgent group, which amount to a war crime, are totally unacceptable and that they strongly condemn those acts. **100**

## Kokang people residing in Mandalay condemn MNDAA in strongest terms

**9 August 2024**

1. MNDAA issued an announcement that its return to Kokang Self-Administered Zone in Shan State (North) was to eliminate online gambling fraud (kya-phyant), and ensure socio-economic prosperity of Kokang rural people.
2. In July 2024, MNDAA with the involvement of other EAOs launched an aggressive war for territorial control, but it destroyed peace and stability in certain areas of Shan State (North). MNDAA attacked Lashio and fired short-range rockets, heavy weapons and drone bombs on military hospital, a non-military target, killing patients including innocent locals, department personnel and families, children and adults and destroying public property. Sadly, a large number of ethnic people were departing Lashio almost daily; leaving behind their property they had bought with their earnings through the years, to escape war. Kokang people oppose and condemn the terrorist acts of MNDAA in strongest (strongest) terms.
3. Because of the absence of peace in Kokang region in the years succeeding 1967, some Kokang families migrated to peaceful places such as Mandalay, Lashio and Yangon long ago. They are taking part in welfare and other social activities together with families of other ethnic peoples, and are providing assistance in national religious and social affairs to the most possible degree, regardless of race and religion. They are also loyal to the State and are living peacefully within the framework of law without involvement in any political organization.

May peace be restored in Union of Myanmar soonest.

**9 August 2024**

**Kokang Buddhist Dhamayon**
**Kokang families**
**Mandalay**

AGRICULTURE

# Monsoon agricultural loans disbursed to farmers in Pwintpyu Township

Agricultural loans for 2024-2025 Fiscal year have been disbursed to farmers in village-tracts in Pwintpyu Township of Magway Region since May 20. As of now, over Ks- 2,473.4 million of monsoon agricultural loans have been disbursed to farmers in the Township, according to the branch office of the Township Myanma Agricultural Development Bank.

On the occasion, U Aye Min Naing, Manager of the Township Myanma Agricultural Development Bank urged farmers to pay back the loans during the set date, and explained rules and regulations to be followed by famers. 3,475 farmers from village-tracts in Pwintpyu Township were dispensed a total of Ks- 2,473.4 million of agricultural loans for 15,818 acres of paddy fields and 1,007 acres of other crops starting from May 20 to July 23.

The farmers who have already repaid the loans last year in 51 village-tracts in Pwintpyu Township are being disbursed agricultural loans at a rate of Ks- 150,000 per acre of paddy and Ks- 100,000 per acre of other crops. In addition, the remaining farmers will be disbursed the loans, according to U Aye Min Naing. **SK**

EDUCATION

# MAJA announces JLPT application schedule

Japanese-language Proficiency Test (JLPT) is scheduled to take place on 1 December 2024 in Yangon and Mandalay, and the JLPT organizing committee of the Myanmar Association of Japan Alumni (MAJA) has announced a schedule for accepting application forms.

The exam fee and application fee are Ks-50,000 each for Level N1, Level N2 and Level N3 and Ks-45,000 each for Level N4 and Level N5.

The duration for online applications is 14,15, and 26 August for Level N1 and Level N2; 16,19 and 27 August for Level N3; 20, 21 and 28 August for Level N4; and 22 and 23 August for Level N5.

In order to control bulk entering into the system, the time for accepting online applications won't make it public in advance, and submission can be made at noon with the duration of the period that online applications are accepted.

Training schools will need to register from 2 August through 5 August via Google Form, and a maximum of 100 applications will be sold per school in Yangon, and a maximum of 50 applications will be sold per school in Mandalay.

Training schools will need to show the licence page, including the owner's name and expiration date, in Google Form submission and in-person buying, and those who have company licences will also need to follow this rule. Incomplete or expired permits won't be considered.

Application forms will be sold on 12, 13 and 14 August for the Yangon exam centre and on 12 and 13 August for the Mandalay exam centre. Applications will be accepted at the Yangon exam station on 14 August through 20 August and 14-15 August at the Mandalay exam centre. **SMK**

BUSINESS

# Over 10,000 companies fail to submit annual returns(AR) on the online registry system in January-July

A total of 11,500 companies were struck off the register in the past seven months (January-July) of 2024 as they failed to file annual returns (AR) on the online registry system, MyCO, according to the Directorate of Investment and Company Administration (DICA).

The DICA's statistics indicated that 750 companies in January 2024, 600 in February, 1,650 in March, 2,000 each in April, May and June and 2,500 in July did not file the AR.

A total of 6,400 companies also failed to submit the AR in 2023. The DICA notified those companies which failed to file its AR on the MyCO were struck off the register from the date of directive, under 430 (F) of Myanmar Companies Law, according to the DICA's notification.

The registration and re-registration of companies on the MyCO website commenced on 1 August 2018 under the Myanmar Companies Law 2017.

All registered companies need to submit AR on the MyCO registry system within two months of incorporation and at least once every year (not later than one month after the anniversary of the incorporation), according to Section 97 of the law.

Under Section 266 (A) of the Myanmar Companies Law 2017, public companies must submit annual returns and financial statements (G-5) simultaneously. All overseas corporations must submit ARs in the prescribed format on MyCO within 28 days of the financial year ending under Section 53 (A-1) of the Myanmar Companies Law 2017.

As per DICA's report, thousands of companies were suspended for failing to submit AR forms before the due date. Newly established companies are required to submit ARs within two months of incorporation or face a fine of Ks-100,000 for filing late returns.

The DICA has notified that any company which fails to submit its AR within 13 months will be notified of its suspension (I-9A). If it fails to submit the AR within 28 days of receiving the notice, the system will show the company's status as suspended. Companies can restore their status only after shelling out a fine of Ks-50,000 for the AR fee, Ks-100,000 for restoration of the company on the register, and Ks-100,000 for late filing of documents, totalling Ks-250,000. If a company fails to restore its status within six months of suspension, the registrar will strike its name off the register, according to the DICA notice. **SK**

AGRICULTURE

# Green gram plants on more than 15,000 acres of croplands in Taze Township

According to the statistics of YeU District Agriculture Department, a total of 15,154 acres of green gram as monsoon crop has been grown in Taze Township of Sagaing Region.

In 2024-2025 monsoon season, Taze Township earmarked cultivation of 5,849 acres of pre-monsoon green gram and 17,693 acres of monsoon green gram. Local farmers have so far planted 2,190 acres of pre-monsoon green gram and 12,964 acres of monsoon green gram, totalling 15,154 acres.

"This year, the township planned to grow more than 20,000 acres of monsoon and pre-monsoon green gram but local farmers planted over 15,000 acres of both kinds of gram. They are trying hard to meet the target cultivation. Our department helped local farmers to expand sown acreage of crops and use quality strains of crops to boosting production," said U Zaw Myint Tun, Head of YeU District Agriculture Department.

This year, the township agriculture department educated local farmers to use quality strains of crops, prevent pests and systematically use fertilizers for increasing per-acre yield.

The department distributed quality strains of green gram, inputs and post-harvest technology to local farmers. **SK**



BUSINESS

# Japanese-origin white sesame gains prominence in Mandalay market



Japanese-origin white sesame has fetched a good price in the Mandalay market, and transactions are good, according to the sesame traders in Mandalay.

The Japanese-origin white sesame in the market is produced from Thaedaw, Wundwin, Myittha and Kyaukse. The price of Japanese-origin white sesame rose to a record high of Ks-410,000 per three-basket bag, said U Soe Win Myint, the owner of Soe Win Myint commodity depot in Mandalay.

"Japanese-origin white sesame is entering from Kyaukse area to Mandalay. The Japanese-origin white sesame is called Japanese-origin white sesame because it was cultivated more than 10 years ago from the seeds of white sesame produced in Japan. It is whiter and bigger than regular white sesame. That is why the transaction is good. Japanese-origin white sesame and black sesame is the most popular crop in the sesame market, while all the Japanese-origin white sesame is sold to the Chinese market. In addition to the consumption of sesame, I heard that it is being used in cosmetics, confectionery and medicine, and the demand is good," he explained.

**SMK**

AGRICULTURE

# Pwintpyu farmers cultivate 695 acres of rain-fed peanuts

A total of 695 acres of oilseed peanuts have been planted so far in Pwintpyu Township, Magway Region in order to increase oil consumption in the region during this year's rain crop planting season and to increase farmers' crop income, said Daw Moe Moe Wai, head of the Department of Agriculture for Pwintpyu Township.

In Pwintpyu Township, 1,661 acres of peanuts have been earmarked for planting in this year's rain crop planting season.

"During this year's rain crop planting season, Pwintpyu Township has planted 695 acres of rain-fed peanuts in the whole township in order to increase the oil production of rain-fed peanuts in the region in order to increase the income of the farmers. We are providing agricultural awareness activities to farmers in the field to encourage them to plant the designated acreage and to meet the target yield per acre," she said.

Local farmers in Pwintpyu Township grow oil crops such as peanuts, sesame and sunflower, which have a market to increase crop income and increase self-sufficiency in oil consumption during the rainy season every year.

**SMK**

RUSSIA

## Russian air defences shot down 75 Ukrainian drones overnight



Russian air defences shot down 75 Ukrainian drones overnight.

Russian air defences destroyed 75 Ukrainian drones over Russian regions and the Black Sea, and seven drone boats in the Black Sea overnight, the Defence Ministry said in a statement.

"This night, during an attempt by the Kiev regime to carry out a terrorist attack using unmanned aerial vehicles on targets in the territory of the Russian Federation, air defence systems on duty intercepted and destroyed 75 aircraft-type UAVs," the ministry said.

It said 26 drones were destroyed over the Belgorod Region, 19 over the Lipetsk Region, seven over the Kursk Region, five over the Bryansk Region, four over the Voronezh Region, one over the Oryol Region, five over Crimea, and eight more were shot down over the Black Sea.

"In addition, seven unmanned surface vessels heading towards the Crimean Peninsula were destroyed... in the Black Sea," the ministry said.

**Sputnik**

SPAIN

## Spain on alert for high temperatures, extreme risk of forest fires

Much of Spain has been on alert since Friday due to high temperatures and extreme or very high risk of forest fires as the fourth heatwave of the summer hit the country, with temperatures exceeding 40 degrees Celsius.

The State Meteorological Agency announced that the heatwave will last until Sunday or possibly next Monday, with its peak expected on Saturday.

It warned that extreme temperatures not seen in Spain for more than 30 years are expected this summer.

In July, Spain recorded 771 deaths due to extreme temperatures, 85 more than the same month last year, according to the Institute of Health Carlos III.

The Spanish Interior Ministry has urged citizens to protect themselves and take extreme precautions.

Last winter was the warmest in the country since 1961, with temperatures at 1.9 degrees above average. The year 2023 has recorded the second-highest average temperature on record, second only to 2022.

**Xinhua**



Spain on alert for high temperatures, extreme risk of forest fires.

RUSSIA

## Russia, China agree to strengthen coordination in use of space

Russia and China have agreed to strengthen coordination in the use and exploration of outer space, as well as ensuring the safety of such activities, the Russian Foreign Ministry said.

"An agreement was reached to strengthen coordination in this area both bilaterally and at relevant multilateral venues," the ministry said in a statement on Thursday.

The statement added that the foreign ministries of Russia and China held consultations in Moscow on peaceful space issues. During the consultations, a number of topics in the areas of the use and exploration of outer space for peaceful purposes, international legal regulation and ensuring the long-term sustainability and safety of space activities were discussed, the ministry said.

**Sputnik**

RUSSIA

## Russia set to launch tourist mission to ISS in 2025

Russia plans to conduct a tourist mission to the International Space Station (ISS) aboard the Soyuz MS spacecraft in the second half of 2025, Glavkosmos, a subsidiary of Russian state space corporation Roscosmos, said on Thursday.

"Planned flight start: Q3 - Q4 2025. Launch site: Baikonur Cosmodrome (Kazakhstan). Duration of the flight to the ISS: approximately 3 hours. Planned stay at the ISS: 10 days. Total preparation time for the flight: 10 months. Active flight preparation period: 4-5 months," a statement read.

The Soyuz MS spacecraft will carry one professional cosmonaut and two tourists. The expedition will include a medical exam, flight program development and in-person training. Those preparing for the mission will have sessions at the Cosmonaut Training Center located in the Moscow Region, according to the statement.

"No special knowledge or skills for space flight are required. Everything necessary will be taught and practiced as part of the program," the statement said.

Custom spacesuits and individual support cushions will be created for the participants, Glavkosmos added. **Sputnik**

YEMEN

## Death toll from Yemen's rains, floods rises to 45

The death toll from the week-long heavy rains and floods in western Yemen has risen to 45, Yemen's state TV reported Friday, citing a statement from the Yemen Red Crescent Society.

The rains and floods, which lashed seven provinces this week, have also left 12 people missing, said the television, noting that the floods has damaged more than 12,584 homes and displaced 3,640 people.

Among the seven affected provinces, Hodeidah was the hardest hit, according to the report. The other impacted areas include Hajjah, Amran, Saada, Dhamar, Taiz, and Sanaa.

Footage aired on the television showed a village in Hodeidah that was entirely swept away by heavy rains and floods.

On Thursday, the World Health Organization (WHO) said in a statement sent to Xinhua that "the deluge (in Hodeidah) resulted in 30 fatalities and five missing persons, figures that are not yet final."

The floods "caused significant damage to infrastructure and displaced many residents ... and resulted in the closure of roads," said the statement.

WHO also expressed concern about the possible spread of diseases due to contaminated water and poor sanitation.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Navigating the Digital Landscape: The Internet, Social Media, and You



In the vast realm of the internet and social media, you are both a consumer and a contributor. What you post online forms your digital footprint, a narrative that can impact future opportunities such as college admissions or job prospects. Equally important is the need to balance your engagement with the digital world with real-world interactions and activities. Striking this balance is key to harnessing the power of the internet responsibly, maintaining a positive online presence, and ensuring your overall wellbeing.

The digital world is an integral part of our lives today. It has created opportunities, facilitated learning, and connected people from various corners of the world. However, this extensive network – the internet and social media – also comes with challenges that need your understanding and attention.

### Understanding the Internet & Social Media

The internet is like a giant library with infinite shelves, where each website is a book. You have access to an unprecedented amount of information – a privilege and a responsibility. Remember, not everything you come across on the internet is accurate or reliable. It's essential to learn to identify and rely on trusted sources, especially for academic or health-related information.

Social media, a key component of the internet, is where we spend a significant chunk of our time. Platforms like Facebook, Instagram, Twitter, Snapchat, TikTok, and many more have reshaped the way we communicate and share information. They enable us to connect with friends, express our opinions, and engage with the world.

### Watchful Use of Apps

While these apps offer an array of features, they also come with issues such as misinformation, privacy concerns, and cyberbullying. Misinformation, for instance, spreads rapidly on apps like Facebook and Twitter. You should always cross-verify the information before accepting or sharing it.

Popular apps like Snapchat and Instagram, while fun and engaging, may pose threats to your privacy. Be mindful of the personal information you share and adjust your privacy settings accordingly.

Newer platforms, like TikTok, can be enticing due to their engaging and creative content. But remember, they're not devoid of the issues mentioned above. Always approach them with a level of caution and responsibility.

### The Power of Your Digital Footprint

What you post online is part of your 'digital footprint.' Colleges and future employers often look at your online presence during the admission or hiring process. A negative post or comment, even if it was made in jest or in the heat of the moment, could come back to haunt you. Be thoughtful and respectful in what you post, comment, and share. Your digital footprint should reflect who you are and who you aspire to be.




### Balancing Screen Time

While the internet and social media provide immense value, it's also crucial to moderate your screen time. Extended screen time can lead to a lack of physical activity, sleep deprivation, and even impact your mental health.

Consider setting a limit on your daily social media usage. Make use of built-in digital wellbeing tools in your smartphones, such as Screen Time on iOS and Digital Wellbeing on Android, to monitor and control your usage.

Prioritize activities that involve physical movement and social interaction in the real world. Try to strike a healthy balance between your digital and physical worlds.

### Technology is a tool

The internet and social media are tools. Like any tool, their value depends on how you use them. They can be your gateways to knowledge, opportunities, and global connections if used wisely. Be a savvy user: double-check information, respect privacy, be mindful of your digital footprint, and balance your screen time. In the ever-evolving digital landscape, these habits will serve as your compass, ensuring you benefit from the internet and social media while mitigating their potential drawbacks.

**Youth Time Magazine**

# ENTERTAINMENT

## Successor ရုပ်ရှင်ကား တရုတ်နိုင်ငံ၏ Box Office တွင် ထိပ်ဆုံး၌ရပ်တည်




တရုတ်နိုင်ငံ၌ ထုတ်လွှင့်ပြသနေသည့် Successor အမည်ရှိရုပ်ရှင်ကားမှာ Box Office တွင် ထိပ်ဆုံး၌ဆက်လက်ရပ်တည်နေကြောင်းသိရသည်။

ဟာသနှင့် ဒရာမာအမျိုးအစားဖြစ်သည့် ထိုရုပ်ရှင်ကားသည် နေ့စဉ်ဝင်ငွေ ယွမ် ၂၉ ဒသမ ၇၅ သန်းဖြင့် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားဖြစ်လာခြင်းဖြစ်သည်။

၎င်း၏နောက်တွင် သမိုင်းကြောင်းဆိုင်ရာဒရာမာဇာတ်ကားဖြစ်သည့် Decoded နှင့် အမေရိကန်အက်ရှင်ဇာတ်ကားဖြစ်သည့် Deadpool & Wolverine တို့က ဒုတိယနှင့်တတိယနေရာတို့တွင် အသီးသီး ရပ်တည်နေသည်။

ထိုရုပ်ရှင်ကားကို ယန်ဖေနှင့် ဖန်းဒါမိုတို့က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်သည်။ ရှန်းထန်းနှင့်မာလီတို့က အတွဲညီညီဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

ဇာတ်လမ်းအကြောင်းအရာမှာ မာချန်းဂန်နှင့်ချွန်လန်တို့ ဇနီးမောင်နှံနှစ်ဦး၏ ဘဝက ရေလုံပြုတ်ဟင်းကိုသာစားရပြီး ငွေကြေးပိုင်ဆိုင်မှုက ဗလာနတ္ထိဖြစ်သည်။ အလုပ်ကိုသွားလျှင်လည်း မြည်းကိုသာစီးသွားရသည့် အလွန်ဆင်းရဲသောမိသားစု တစ်ခုကိုပိုင်ဆိုင်ထားသည်။

၎င်းတို့ဇနီးမောင်နှံတွင် မာကျီယဲဟုဆိုသည့်သားတစ်ဦးရှိသည်။ ထိုသားက သူတို့မိသားစု၏ ကံကြမ္မာကိုပြောင်းလဲပေးနိုင်မည့် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည်ဟုယုံကြည်ကာ ပြုစုပျိုးထောင်ပေးခြင်းကို ဟာသနှောကာတင်ဆက်ထားသည့် ဒရာမာဇာတ်ကားကောင်းတစ်ကားပင်ဖြစ်သည်။

Ref: Xinhua

K.H

## ဂျိုဂျွန်းဆောက်၏ Pilot ရုပ်ရှင် ခုနစ်ရက်အတွင်း ကြည့်ရှုသူနှစ်သန်းကျော်လာ

ဂျိုဂျွန်းဆောက်က အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ထားသည့် Pilot ရုပ်ရှင်ကားက ခုနစ်ရက်အတွင်း ကြည့်ရှုသူနှစ်သန်းကျော်သွားပြီဖြစ်သည်။

Pilot ရုပ်ရှင်သည် ဂျိုဂျွန်းဆောက်၏ ငါးနှစ်အတွင်း ပထမဆုံးအကြိမ်ပြန်လည်ရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားလည်းဖြစ်ကာ ပရိသတ်၏အားပေးမှုကို တစ်ခဲနက်ပြန်လည်ရရှိလာခြင်းလည်းဖြစ်သည်။

Pilot ကိုရုံတင်ပြီးနောက် လေးရက်အတွင်း ကြည့်ရှုသူတစ်သန်းကျော်ရှိကာ ခုနစ်ရက်အတွင်း နှစ်သန်းကျော်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိလာသောကြောင့် အချိန်တိုအတွင်း ကြည့်ရှုသူအများဆုံး ကိုရီးယားရုပ်ရှင်ကားတစ်ကားဖြစ်လာသည်။

အောင်မြင်ကျော်ကြားသော လေယာဉ်မှူးတစ်ဦးဖြစ်သည့် ဟန်ဂျွန်းဝူ (ဂျိုဂျွန်းဆောက်)က အလုပ်လက်မဲ့ဘဝသို့ ညတွင်းချင်း ရောက်ရှိသွားသော်လည်း ထင်မှတ်မထားလောက်သည့် ပြောင်းလဲမှုကို လုပ်ဆောင်ပြီးနောက် အလုပ်အသစ်တစ်ခုတွင် အောင်မြင်စွာအလုပ်လုပ်နိုင်ပုံကို အဓိကဦးစားပေးဖော်ပြထားသည့် ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

Ref: Soompi

K.H




# PARIS 2024 OLYMPICS

## အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် တရုတ်က ပထမဆုံးရွှေတံဆိပ်ဆုရရှိ



ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ကျင်းပနေသော အိုလံပစ်အားကစားပွဲတော်၏ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ချန်းယွမ်က ရွှေတံဆိပ်ဆု ဆွတ်ခူးလိုက်နိုင်သည်။

ချန်းယွမ်သည် ၅၄ ကီလိုတန်းတွင် ပြိုင်ဘက်အဖြစ် တူရကီယဲနိုင်ငံမှ ဟက်တစ်အက္ကဘာနှင့် ယှဉ်ပြိုင်ထိုးသတ်စဉ် ဒိုင်လူကြီးများ၏ပေးမှတ်ဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ချန်းယွမ်အနေဖြင့် ယခုကဲ့သို့ အနိုင်ရရှိမှုသည် တရုတ်နိုင်ငံအတွက် အမျိုးသမီးလက်ဝှေ့အားကစားတွင် ပထမဆုံးသော ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်နိုင်ခြင်းလည်းဖြစ်သည်။

ပထမအချီတွင် ချန်းယွမ်က သူ့ထက်လက်တံပိုရှည်သော အက္ကဘာကို အနည်းငယ်စိုးရိမ်မိသော်လည်း နှစ်ဆင့်ထိုးချက်များဖြင့် ပြိုင်ဘက်ကိုဖိအားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဒုတိယအချီနှင့်တတိယအချီတို့တွင်လည်း ပြိုင်ဘက်အပေါ်တွဲလုံးများဖြင့် ဖိအားပေးထိုးနိုင်ခဲ့သည့်အတွက် ဒိုင်လူကြီးများပေးသောအမှတ်ဖြင့် ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီး ၇၅ ကီလိုတန်းလက်ဝှေ့ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ လီကျန်းက ဩစတြေးလျမှ ပြိုင်ဘက်ကိုအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

Ref: Xinhua

K.H

## စက်ဘီးနင်းပြိုင်ပွဲတွင် ဂျာမနီက ကမ္ဘာ့စံချိန်အသစ်တင်



ဩဂုတ်လ ၉ ရက်တွင်ကျင်းပသော အိုလံပစ်အားကစားပွဲတော်၏ အမျိုးသမီးတာတိုစက်ဘီးနင်းပြိုင်ပွဲတွင် ဂျာမနီနိုင်ငံမှ လီဖရီးဒရစ်က ကမ္ဘာ့စံချိန်အသစ်ကို တင်လိုက်နိုင်ကြောင်းသိရသည်။

လီဖရီးဒရစ်သည် မီတာ ၂၀၀ ပြိုင်ပွဲကို ၁၀ ဒသမ ၀၂၉ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ကာ ကမ္ဘာ့စံချိန်အသစ်ကို တင်လိုက်နိုင်ခြင်းဖြစ်သည်။

ယခင်စံချိန်အဟောင်းကို နယူးဇီလန်နိုင်ငံမှ အယ်လက်ဆီအန်ဒရူးက ၁၀ ဒသမ ၁၁၇ စက္ကန့်ဖြင့် ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး ယင်းစံချိန်ကို ငါးမိနစ်အကြာတွင် လီဖရီးဒရစ်ကချိုးလိုက်နိုင်ခြင်းဖြစ်သည်။

အလားတူ ဗြိတိန်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သည့် အမ်မာဖီနက်ကိန်းကလည်း အန်ဒရူး၏စံချိန်ကိုချိုးကာ ၁၀ ဒသမ ၀၆၇ စက္ကန့်ဖြင့် ပန်းဝင်လာနိုင်သောကြောင့် ကမ္ဘာ့ဒုတိယမြောက် အမြန်ဆုံးတာတိုစက်ဘီးနင်းသမားဖြစ်လာကြောင်း သိရသည်။

Ref: IE

K.H

## အမျိုးသားသဲသောင်ပြင်ဘော်လီဘောဗိုလ်လုပွဲသို့ ဂျာမနီနှင့်ဆွီဒင်တက်ရောက်

အိုလံပစ်အားကစားပွဲတော် သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲသို့ ဂျာမနီနိုင်ငံနှင့်ဆွီဒင်နိုင်ငံတို့တက်ရောက်သွားပြီဖြစ်ကြောင်းသိရသည်။

ဂျာမနီအသင်းသည် အကြိုဗိုလ်လုပွဲတွင် ချန်ပီယံဟောင်း နော်ဝေအသင်းကို ၂ ပွဲနိုင် ၁ ပွဲရှုံးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်လာနိုင်ခြင်းဖြစ်သည်။

အလားတူ တစ်ဖက်တွင်လည်း ဆွီဒင်အသင်းမှ ကမ္ဘာ့အဆင့်စာရင်းဝင်ကစားသမားများက ကာတာအသင်းကိုအနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်လာခြင်းဖြစ်သည်။

အမျိုးသမီး သဲသောင်ပြင်ဘော်လီဘောဗိုလ်လုပွဲတွင်မူ ကနေဒါအသင်းက ဘရာဇီးအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref: Xinhua

K.H

## ပဲရစ်အိုလံပစ်၌ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | တရုတ် | ၃၁ | ၂၅ | ၂၀ | ၇၆ |
| ၂ | အမေရိကန် | ၃၀ | ၃၈ | ၃၅ | ၁၀၃ |
| ၃ | ဩစတြေးလျ | ၁၈ | ၁၅ | ၁၄ | ၄၇ |
| ၄ | ပြင်သစ် | ၁၄ | ၁၉ | ၂၂ | ၅၅ |
| ၅ | ဗြိတိန် | ၁၄ | ၁၇ | ၂၁ | ၅၂ |
| ၆ | ဂျပန် | ၁၃ | ၈ | ၁၃ | ၃၄ |
| ၇ | တောင်ကိုရီးယား | ၁၃ | ၈ | ၇ | ၂၈ |
| ၈ | နယ်သာလန် | ၁၁ | ၆ | ၈ | ၂၅ |
| ၉ | အီတလီ | ၁၀ | ၁၁ | ၉ | ၃၀ |
| ၁၀ | ဂျာမနီ | ၁၀ | ၉ | ၆ | ၂၅ |

မော်စကို၊ ပြည်တွင်းရေး

# ရုရှားက ခု(စ်)ဒေသကို နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေကြေညာ



ယူကရိန်းတပ်ဖွဲ့က ရုရှားနိုင်ငံပိုင် ခု(စ်)ဒေသကို ကျူးကျော်တိုက်ခိုက်ရန် ကြိုးပမ်းမှုများကြောင့် ရုရှားအစိုးရက ထိုဒေသကို နိုင်ငံတော်အဆင့်အရေးပေါ် အခြေအနေကြေညာလိုက်ကြောင်း သိရသည်။

ယူကရိန်းတပ်ဖွဲ့များသည် ခု(စ်)ဒေသကို ဩဂုတ်လ ၆ ရက်မှစ၍ ကျူးကျော်တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သော်လည်း ရုရှားတပ်ဖွဲ့များက ထိုကျူးကျော်မှုကိုရပ်တန့်စေခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

သို့သော် ထိုဒေသရှိအချို့သောနယ်မြေများ၌ ယူကရိန်းတပ်ဖွဲ့များရှိနေသေးသောကြောင့် ခု(စ်)ဒေသကို နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေကြေညာရခြင်းဖြစ်သည်ဟု ရုရှားအရေးပေါ်ဝန်ကြီးဌာန၏ ဩဂုတ်လ ၉ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ အရေးပေါ်အခြေအနေသတ်မှတ်ပြဋ္ဌာန်းလိုက်သည့်အတွက် ယူကရိန်းတို့၏ ကျူးကျော်မှုကြောင့် သေဆုံးသွားသူများ၏ဆွေမျိုးများ၊ ဒဏ်ရာရရှိသူများ၊ ပိုင်ဆိုင်မှုဆုံးရှုံးသူများအနေဖြင့် ရုရှားအစိုးရထံမှ ထောက်ပံ့ငွေရရှိမည်ဖြစ်သည်ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကို တွေ့ရသည်။

ထို့ပြင် ဝန်ကြီးဌာနသည် ခု(စ်)ဒေသသို့ စားနပ်ရိက္ခာ ၃၅ တန်၊ သောက်ရေ ၁၀ တန်၊ လျှပ်စစ်ဓာတ်အားပေးစနစ် ၁၀ လုံးတို့ကို ထောက်ပံ့ပေးထားပြီးဖြစ်သော်လည်း ထောက်ပံ့မှုများထပ်မံပေးအပ်သွားမည်ဟုဆိုသည်။

လက်ရှိတွင် ယာယီကယ်ဆယ်ရေးစခန်း ၂၅ ခုကိုဖွင့်လှစ်ထားပြီး ကလေးငယ် ၅၂၀ ခန့်အပါအဝင် ပြည်သူ ၂၀၀၀ ကျော်ကို နေရာချထားပေးနိုင်ကြောင်း သိရသည်။

Ref: RT

ဝါရှင်တန်၊ နိုင်ငံရေး

# ထရမ့်နှင့်ဟဲရစ်တို့က စက်တင်ဘာလ ၁၀ ရက်တွင် စကားစစ်ထိုးပွဲလုပ်ရန်သဘောတူ

အမေရိကန်သမ္မတရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များဖြစ်သည့် ဒေါ်နယ်ထရမ့်နှင့်ကမ်မလာဟဲရစ်တို့က စက်တင်ဘာလ ၁၀ ရက်တွင် ABC သတင်းဌာန၌ စကားစစ်ထိုးပွဲလုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။

ယခင်က ဒေါ်နယ်ထရမ့်ဘက်ကသာ သဘောတူထားခြင်းဖြစ်သော်လည်း ယခုအခါ ကိုယ်စားလှယ်နှစ်ဦးစလုံးက စကားစစ်ထိုးပွဲလုပ်ရန် သဘောတူလိုက်ခြင်းဖြစ်ကြောင်း ABC သတင်းဌာနကဖော်ပြထားသည်။

မိနစ် ၉၀ ကြာမြင့်မည့် အဆိုပါစကားစစ်ထိုးပွဲကို ဖီလာဒဲဖီးယားမြို့၌ကျင်းပသွားမည်ဖြစ်ပြီး သတင်းဌာနမှ ဒေးဗစ်မီယာနှင့် လင်ဆေးဒါဗီတို့က သဘာပတိများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစကားစစ်ထိုးပွဲကို ဥဒ္ဒေပရိသတ်တစ်ဦးမျှမပါဘဲပြုလုပ်သွားရန် လက်ရှိစီစဉ်ထားသော်လည်း စည်းမျဉ်းစည်းကမ်းများနှင့် ပုံစံအတိအကျတို့ကို ရေးဆွဲနေဆဲဖြစ်ကြောင်း သတင်းဌာနကပြောသည်။

ဒေါ်နယ်ထရမ့်ကၡင်းအနေဖြင့်ကမ်မလာဟဲရစ်နှင့် စက်တင်ဘာလ ၁၀ ရက် စကားစစ်ထိုးပွဲအပါအဝင်စကားစစ်ထိုးပွဲစုစုပေါင်း သုံးကြိမ်တိုင်တိုင် လုပ်ဆောင်သွားလိုကြောင်း ပြောထားသည်။

သို့သော် ကမ်မလာဟဲရစ်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကျန်စကားစစ်ထိုးပွဲနှစ်ကြိမ်ကိုလုပ်ရန် သဘောတူထားခြင်းမရှိကြောင်း သိရသည်။

Ref: Xinhua

ဘန်ကောက်၊ နိုင်ငံရေး

# ဖျက်သိမ်းခံလိုက်ရသော MFP ပါတီက ပါတီအသစ်ဖွဲ့စည်း

ထိုင်းနိုင်ငံရှိ ဖျက်သိမ်းခံလိုက်ရသော အတိုက်အခံပါတီဖြစ်သည့် Move Forward Party – MFP ပါတီသည်ပြည်သူ့ပါတီအမည်ဖြင့် ဩဂုတ်လ ၉ ရက်တွင် ပါတီအသစ်ဖွဲ့စည်းလိုက်ကြောင်းသိရသည်။



ပြည်သူ့ပါတီတွင် ယခင် MFP ပါတီမှ လွှတ်တော်အမတ် ၁၄၃ ဦးပါဝင်ပြီး အသက် ၃၇ နှစ်သာရှိသေးသည့် နည်းပညာဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်ဟောင်းနှင့် ပါတီဟောင်းမှ လွှတ်တော်အမတ်ဖြစ်သည့် နတ်သာဖုန်ရွှန်ပန်ညာဝတ်ကို ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ကြောင်း အဆိုပါ ပါတီက ထုတ်ပြန်ကြေညာထားသည်။

ထို့နောက် ပြည်သူ့ပါတီအနေဖြင့် လာမည့်ရွေးကောက်ပွဲတွင်အနိုင်ရရှိကာ အစိုးရဖွဲ့နိုင်စေရေးအတွက် လိုအပ်သောလွှတ်တော်အမတ်နေရာကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပါတီဥက္ကဋ္ဌက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

MFP ပါတီအနေဖြင့် တော်ဝင်မိသားစုကို အသရေဖျက်မှုအတွက် ပြစ်ဒဏ်ပေးနိုင်သောဥပဒေကိုပြင်ဆင်ရန်ကြိုးပမ်းသောကြောင့် ထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ထိုပါတီကိုဖျက်သိမ်းရန် ဩဂုတ်လ ၇ ရက်တွင် အမိန့်ချလိုက်ခြင်းဖြစ်သည်။

MFP ပါတီသည် အောက်လွှတ်တော်၌ အမတ်နေရာအများဆုံးပါတီဖြစ်သော်လည်း ထိုပါတီမှဝန်ကြီးချုပ်လောင်းအနေဖြင့် လွှတ်တော်၏အတည်ပြုထောက်ခံမှုကိုမရခဲ့ပေ။

MFP ပါတီ၏မူလပါတီမှာ Future Forward Party – FFP ပါတီဖြစ်ပြီး ထိုပါတီသည်လည်း ၂၀၂၀ ပြည့်နှစ်တွင်ရွေးကောက်ပွဲဥပဒေကိုချိုးဖောက်သည်ဟူသောစွပ်စွဲချက်ဖြင့် ဖျက်သိမ်းခံလိုက်ရခြင်းဖြစ်သည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

# နှစ်ပေါင်း ၄၀၀ အတွင်း သမုဒ္ဒရာအပူချိန် အမြင့်ဆုံးရောက်ရှိ

နှစ်ပေါင်း ၄၀၀ အတွင်း သမုဒ္ဒရာအပူချိန်သည် အမြင့်ဆုံးသို့ရောက်ရှိလာသောကြောင့် ဩစတြေးလျနိုင်ငံရှိ ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်းများအတွက် အန္တရာယ်ရှိလာကြောင်း သုတေသီများကပြောသည်။

သုတေသနပညာရှင်များသည် သန္တာကောင်များမှ အရိုးနမူနာများကိုရယူကာ အချက်အလက်များကို နှိုင်းယှဉ်လေ့လာမှုများလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလေ့လာမှုများအရ ၂၀၁၇၊ ၂၀၂၀ နှင့် ၂၀၂၄ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ၏ အထင်ကရ သန္တာကျောက်တန်းများတည်ရှိသောရေပြင်မှာ သမိုင်းတစ်လျှောက် အမြင့်ဆုံးသောအပူဒဏ်ကိုခံစားခဲ့ရကြောင်းနှင့် ၂၀၂၄ ခုနှစ်မှာ အပူဆုံးဖြစ်ကြောင်း တွေ့ရသည်။

ထိုသို့အပူချိန်မြင့်တက်မှု၊ သန္တာကျောက်တန်းများအရောင်ကျွတ်မှုတို့သည် ကမ္ဘာ့အကြီးဆုံးသန္တာကျောက်တန်းကြီး၏ ဂေဟစနစ်၊ ဇီဝမျိုးစိတ်များနှင့် အလှတရားတို့ကိုပျက်စီးစေမည်ဟု ပညာရှင်များက သတိပေးထားသည်။

Ref: Xinhua

---

# အစ္စရေးက ဂါဇာဆွေးနွေးပွဲဆက်လုပ်ရန်သဘောတူ

အစ္စရေးအစိုးရက ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲကို ဩဂုတ်လ ၁၅ ရက်တွင် ဆက်လက်လုပ်ဆောင်ရန် သဘောတူလိုက်ပြီဖြစ်သည်။

သဘောတူညီချက်မူဘောင်ကိုအကောင်အထည်ဖော်နိုင်ရေးအတွက် အသေးစိတ်အချက်အလက်များကို အပြီးသတ်စေရန် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားသည်။

ဆွေးနွေးပွဲကို ကမကထပြုသောနိုင်ငံများက အစ္စရေးနှင့်ဟားမက်တို့အနေဖြင့် အဆိုပြုချက်များတွင် သဘောထားကွဲလွဲနေမှုများကိုအဆုံးသတ်စေရန်နှင့် သဘောတူထားသည်များကိုအကောင်အထည်ဖော်ရန် ဆွေးနွေးပွဲဆက်လုပ်ရေးတောင်းဆိုပြီးနောက် အစ္စရေးက သဘောတူလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

---

# ယီမင်၏ဆိပ်ကမ်းမြို့ကို အမေရိကန်-ဗြိတိန်မဟာမိတ်အဖွဲ့တိုက်ခိုက်

ယီမင်နိုင်ငံ၏ဆိပ်ကမ်းမြို့ဖြစ်သော ဟိုဒေးဒါမြို့ကို အမေရိကန်နှင့်ဗြိတိန်ပူးပေါင်းမဟာမိတ်အဖွဲ့က ဩဂုတ်လ ၈ ရက်နှောင်းပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု သုံးကြိမ်လုပ်ဆောင်ကြောင်း သိရသည်။

တိုက်ခိုက်မှုများအတွင်း ဟူသီအဖွဲ့၏သင်္ဘောဖျက်ဒုံးကျည်နှစ်စင်း၊ မြေပြင်ထိန်းချုပ်ရေးစခန်းတစ်ခု၊ မောင်းသူမဲ့လေယာဉ်တစ်စင်းတို့ကို ဖျက်ဆီးလိုက်နိုင်ကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ်လ ၉ ရက်တွင်ထုတ်ပြန်ထားသည်။

ယီမင်နိုင်ငံရှိ ဟူသီသူပုန်အဖွဲ့သည် ဟိုဒေးဒါမြို့အပါအဝင် နိုင်ငံအနောက်မြောက်ပိုင်းနယ်မြေအများအပြားကို ထိန်းချုပ်ထားခြင်းဖြစ်သည်။

ဟူသီသူပုန်အဖွဲ့သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ ပင်လယ်နီအတွင်းရှိ အမေရိကန်၊ အစ္စရေးတို့နှင့်ဆက်စပ်နေသော သင်္ဘောများကို တိုက်ခိုက်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

Ref: Xinhua

---

# တိုကျိုမြို့အနီး အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး၌ ဩဂုတ်လ ၉ ရက်တွင် အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ပြင်းအား ၅ ဒသမ ၃ ရစ်ချ်တာစကေးရှိ အဆိုပါငလျင်သည် ဒေသစံတော်ချိန် ည ၇ နာရီ ၅၇ မိနစ်တွင်လှုပ်ခတ်ခြင်းဖြစ်သည်။

ငလျင်၏ဗဟိုချက်မှာ ကာနာဂါဝါစီရင်စုအနောက်ပိုင်း မြောက်လတ္တီတွဒ် ၃၅ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၃၉ ဒသမ ၂ ဒီဂရီရှိ မြေအောက်အနက် ၁၀ ကီလိုမီတာတွင်ဖြစ်သည်။ အဆိုပါငလျင်၏ဒဏ်ကို တိုကျိုမြို့ကလည်းခံစားရပြီး လက်ရှိအချိန်အထိ ဆူနာမီသတိပေးချက်များထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

Ref: Xinhua

စေတုတ္တရာ၊ လူငယ်ရေးရာ

# စေတုတ္တရာမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှုပြိုင်ပွဲများကျင်းပ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှကြီးမှူး၍ အခြေခံပညာဦးစီး ဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး ကျောင်း ကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဆိုင်ရာ မေးခွန်းများဖြေဆိုခြင်း၊ ဆေးရောင်ခြယ် ပြိုင်ပွဲနှင့်ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ကို အမှတ် (၁) အခြေခံပညာအလယ်တန်း ကျောင်းခွဲ၊ အခြေခံပညာအထက်တန်း ကျောင်း(စေတုတ္တရာ)တို့၌ ဩဂုတ်လ ၈ ရက်က ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲများသို့ မြို့နယ် ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးကိုကိုဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာ ဦးစီးဌာန ပညာရေးမှူးရုံးမှ လက်ထောက် ကြီးကြပ်ရေးမှူး၊ စာသင်ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှိုင်စုခိုင်နှင့်အသင်းဝင်များက အမှတ် (၁) အခြေခံပညာအလယ်တန်း ကျောင်းခွဲ၊ အခြေခံပညာအထက်တန်း ကျောင်း (စေတုတ္တရာ) တို့မှ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးဆိုင်ရာ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မေးခွန်းများဖြေဆို မှုနှင့် ကဗျာရွတ်ဆိုယှဉ်ပြိုင်မှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

အဆိုပါပြိုင်ပွဲတွင် စေတုတ္တရာမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်း ကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (စေတုတ္တရာ) မှ ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရ သည်။

ဝင်းအိမွန်(ပြန်/ဆက်)



ကသာ၊ စိုက်ပျိုးရေး

# ကသာခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၆၃၉ ဧကစိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၆၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကသာခရိုင်၌ အစေ့ထုတ်ပြောင်း ၃၁၃၁ ဧကနှင့်ဖူးစားပြောင်း ဧက ၂၅၅၀ စိုက် ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၆၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ယခုနှစ်တွင် ကသာခရိုင်၌ မြို့နယ် အလိုက် ပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်၌ အစေ့ထုတ်ပြောင်း ၆၈၇ ဧက၊ ဖူးစားပြောင်း ၃၃၅ ဧက၊ အင်းတော် မြို့နယ်၌ ဖူးစားပြောင်း ဧက ၉၅၀၊ ထီးချိုင့်မြို့နယ်၌ ဖူးစားပြောင်း ဧက ၂၁၀ နှင့် ဗန်းမောက်မြို့နယ်၌ ဖူးစားပြောင်း ၄၅၇ ဧက စုစုပေါင်း ၂၆၃၉ ဧကဖြစ် သည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကသာခရိုင်၌ မြို့နယ်အလိုက် အစေ့ ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုး ရန်အတွက် လျာထားမှုအနေဖြင့် ကသာ မြို့နယ်၌ အစေ့ထုတ်ပြောင်း ၂၉၄၂ ဧက၊ ဖူးစားပြောင်း ၁၇၂၅ ဧက၊ အင်းတော် မြို့နယ်၌ အစေ့ထုတ်ပြောင်း ၆၁ ဧက၊ ဖူးစားပြောင်း ဧက ၅၀၀၊ ထီးချိုင့်မြို့နယ် ၌ အစေ့ထုတ်ပြောင်း ၁၂၈ ဧက၊ ဖူးစား ပြောင်း ၁၂၅ ဧကနှင့် ဗန်းမောက်မြို့နယ် ၌ ဖူးစားပြောင်း ဧက ၂၀၀ စုစုပေါင်း ၅၆၈၁ ဧကဖြစ်သည်။

ယခုနှစ်တွင် ကသာခရိုင်၌ အစေ့ ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ဆိုင်ရာအသိပညာပေးလုပ်ငန်းများ ပံ့ပိုး ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)




ပွင့်ဖြူ၊ ကျေးလက်ဖွံ့ဖြိုးရေး

# ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးပေး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သမန်းရင်းကျေးရွာ ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ပဉ္စမအကြိမ် စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်လှကြူနွဲ့က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ လိုက်နာရမည့်အချက်များ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်း များ ဆောင်ရွက်လာနိုင်၍ ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြု နိုင်မှုအခြေအနေများကို ရှင်းလင်းပြော ကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေ ငွေကျပ် ၄၂ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များက သမန်းရင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ် ကိုင်သူ ၇၈ ဦးအတွက် ငွေကျပ် ၁၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ် ကိုင်သူကိုးဦးအတွက် ငွေကျပ် ၄ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူသုံးဦးအတွက် ငွေကျပ် သုည ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ ဦးအတွက် ငွေကျပ် ၄၂ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ရန်ကုန်၊ ငါးသယံဇာတ

# ယခုဘဏ္ဍာနှစ် ဇူလိုင်လအထိ ငါးပုစွန်သားပေါက် အကောင်ရေ သိန်း ၂၁၀ မျိုးစိုက်ထည့်ပြီးဖြစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ယခု ဘဏ္ဍာနှစ် ဇူလိုင်လအထိ ငါး၊ ပုစွန် သား ပေါက်အကောင်ရေ သိန်း ၂၁၀ ကို မျိုး စိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနမှ ငါးလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေ ရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက် နေပြည်သူများ၏ လူမှုစီးပွားဘဝပိုမို မြင့်မားလာစေရန် ကဏ္ဍစုံမှကြိုးပမ်း လျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနမှလည်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ရေချိုငါးသယံဇာတ များ ရှင်သန်ပွားများနိုင်သည့် ရေပြင် ဧရိယာ စုစုပေါင်း သန်း ၅၀ ကျော်ရှိပြီး ယင်းသဘာဝရေချိုရေပြင်များ၌ တည်ရှိ နေသည့် ငါးသယံဇာတများတွင် နှစ်စဉ် ငါးဖမ်းဆီးထုတ်လုပ်မှု၊ သဘာဝ အလျောက်သေဆုံးမှု၊ ရေပြင်ညစ်ညမ်း မှု၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် လျော့ကျလာမှုများရှိရာ ငါးသယံဇာတ များ ပြန်လည်ဖြစ်တည်လာစေရန် ငါးမျိုး စိုက်ထည့်ခြင်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ ငါး၊ ပုစွန်သားပေါက်အကောင်ရေ ၄၀၅ ဒသမ ၁ သိန်း မျိုးစိုက်ထည့်ရန်လျာထားပြီး ယခုနှစ် ဇူလိုင်လအထိ ငါး၊ ပုစွန်သားပေါက် အကောင်ရေ သိန်း ၂၁၀ ကို မျိုးစိုက်ထည့် ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဝန်းရံ

နေပြည်တော် ဩဂုတ် ၉

## ပို့ကုန်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တွေ့ဆုံ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ပို့ကုန်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များနှင့်တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ချက်ကို နိုင်ငံတော်မှ ဩဂုတ်လ ၈ ရက်တွင် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သဖြင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးကို ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ဆန်၊ ပဲ၊ ပြောင်း၊ ရေထွက်ပစ္စည်း၊ ရော်ဘာနှင့်ကုန်ထုတ်ပစ္စည်းအစရှိသည့် ပို့ကုန်များကို လအလိုက်တင်ပို့ရန် လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ တင်ပို့သွားရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) တွင် " ၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများရှိသကဲ့သို့ နယ်စပ်ဒေသမှလည်း ကုန်သွယ်မှုများဆောင်ရွက်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော်နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင် ကုန်သွယ်မှုကြောင့် နိုင်ငံ့စီးပွားရေးကိုထိခိုက်စေလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း" လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ ကုန်သွယ်မှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးကိုတိုးတက်အောင်ကြိုးစားဆောင်ရွက်ရန် ထပ်လောင်းတိုက်တွန်းလိုပါကြောင်း မှာကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပို့ကုန်လုပ်ငန်းရှင်များက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

(၅၀၀)

ရန်ကုန် ဩဂုတ် ၉

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် ၇၉ မိနစ်တွင် ဝင်းသိင်္ဂီထွန်းနှင့် ပွဲချိန် ၄၅ မိနစ်အပြီး နာကျင်အချိန်ပို ၄ မိနစ်နှင့် ၈၃ မိနစ်တွင် ယွန်းဂတီလှိုင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီအသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်နှင့် ၅၅ မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၄၃ မိနစ်တွင် ရွှေရည်ထွန်း၊ ပွဲချိန် ၉၂ မိနစ်တွင် နုနုတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဧရာဝတီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် စန်းသော်သော်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) အပြီးတွင် ISPE အသင်းက ရမှတ် ၂၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိနေပြီး ရန်ကုန်ယူနိုက်တက်အသင်းကလည်း ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဆက်လက်ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

**စည်သူအောင်**




နေပြည်တော် ဩဂုတ် ၉

## ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို အတင်းအဓမ္မ စစ်သားစုဆောင်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေါ်ဆောင်သွားကြောင်း သတင်းအမှားများဖြန့်ဝေ




ထိုင်းနိုင်ငံ၊ ရနောင်းခရိုင်၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ထိန်းသိမ်းရေးစခန်းမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက အတင်းအဓမ္မစစ်သားစုဆောင်းရန် ခေါ်ဆောင်သွားကြောင်း သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အဆိုပါလွှဲပြောင်းပေးခဲ့သူများကို တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စနစ်တကျလက်ခံဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကိုအကြောင်းအရာမျိုးစုံဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားကာ လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

○ **ကျောဖုံးမှအဆက်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၂ ပေခန့် (၆၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

ရန်ကုန် ဩဂုတ် ၉

## ဒဂုံ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၄) အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အမှတ် (၄) အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ်လ ၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၄) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမဇ္ဈူက ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတများရရှိစေပြီး စာဖတ်ခြင်း၏အကျိုးရှိပုံများအပြင် မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ဟောပြောပွဲနှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခဲ့ရာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့်အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (၂၈၅)

နေပြည်တော် ဩဂုတ် ၉

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသား မိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကို မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိကြသော ကိုးကန့်တိုင်းရင်းသားများ၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် Online လောင်းကစား(ကျားဖြန့်)လိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်ရှင်းလင်းရေးနှင့် ကိုးကန့်ကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေစေရန် ဆောင်ရွက်မည့်အကြောင်း MNDAA အဖွဲ့၏ ကြေညာချက်ထုတ်ပြန်ထားရှိခြင်းကို ကြားသိခဲ့ရပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် MNDAA အဖွဲ့သည် နယ်မြေကျူးကျော်စစ်ဆင် အကြမ်းဖက်သည့်လုပ်ရပ်များကို အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေဒေသများ၏ တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေ၍ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်ဆေးကုသမှုခံယူနေသောအပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူကြီးနှင့် ကလေးသူငယ်များ သေဆုံးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ယခုအချိန်အခါတွင် ထောင်ပေါင်းများစွာသော ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်စွာ စုဆောင်းရှာဖွေခဲ့ရသည့် နေအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ အခြားမြို့များသို့ စစ်ဘေးတိမ်းရှောင်နေရသည့်ဘဝကို နေ့စဉ်နှင့်အမျှ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ် တွေ့မြင်နေရပါသည်။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များအား လုံးဝ(လုံးဝ)ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

၃။ ၁၉၆၇ ခုနှစ်နောက်ပိုင်း ကိုးကန့်ဒေသနယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် အချို့သော ကိုးကန့်တိုင်းရင်းသားမိသားစုများတို့သည် အေးချမ်းတည်ငြိမ်မှုရှိသော လားရှိုး၊ မန္တလေး၊ ရန်ကုန် စသည့်အခြားမြို့များတွင် နှစ်ပေါင်းများစွာကတည်းကရောက်ရှိနေထိုင်လျက်ရှိပါသည်။ အခြားသောတိုင်းရင်းသားမိသားစုများနှင့်အတူ သာရေး၊ နာရေး၊ လူမှုရေးအသင်းအဖွဲ့များတွင် အတူတကွပါဝင်ကူညီလျက်ရှိပြီး အမျိုးဘာသာသာသနာနှင့် လူမှုရေးကိစ္စအဝဝတွင် လူမျိုးမရွေးဘာသာမရွေး တတ်စွမ်းသမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိရှိ အစဉ်အမြဲခံယူပြီး ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။


ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံးအေးချမ်းပါစေ။

ဗုဒ္ဓဘာသာကိုးကန့်ဓမ္မာရုံ
ကိုးကန့်တိုင်းရင်းသားမိသားစုများ
မန္တလေးမြို့

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့

နေပြည်တော် ဩဂုတ် ၉

## ယင်းမာပင်မြို့နယ်၊ ထန်းတောကြီး ကျေးရွာကို တပ်မတော်မှလက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၄ ဦး သေဆုံးပြီး ၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ




စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာကို ဩဂုတ်လ ၇ ရက်နေ့တွင် တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ ၄ ဦး သေဆုံးပြီး ၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုများကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်းများမကြာခဏလုပ်ဆောင်နေပြီး ၎င်းတို့ပစ်ခတ်သည့် အချို့လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရှိရသည်။

၎င်းဖြစ်စဉ်များကိုတရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင်သတင်းအမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆°C | / ၃၃.၂°C |
| ရန်ကုန် | ၂၄°C | / ၃၃.၅°C |
| မန္တလေး | ၂၇°C | / ၃၉.၀°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဩဂုတ် ၉

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Phyo Thu Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်နေ ဖြိုးသူအောင်(ခ)ဖြိုးကြီးအား ညနေ ၅ နာရီအချိန်တွင်လည်းကောင်း၊ “Ko Sai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ မင်းတဲရပ်ကွက်နေ စိုင်းဇင်မော်အား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







**ပျောက်ဆုံးကြောင်း**

မိုးမြင့်သီတာ(ဘ)ဦးမြင့်အေး ၁၃/လရန(နိုင်)၁၂၆၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 473828)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၃၂၅၃၂၈**

**ပျောက်ဆုံးကြောင်း**

အောင်ဇော်ဦး(ဘ)ဦးကြည်စိန် ၁၂/စခန(နိုင်)၀၆၅၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 609905)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

အေးအက်စ်ချစ်စနိုးဝင်း(ဘ)မာမက်အာမိန် ၁၂/မဂတ(နိုင်)၁၂၆၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(733148)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၄၆၉၀၃၅**

**ပျောက်ဆုံးကြောင်း**

စိုးဝင်း(ခ)မားချိန်ယု(ဘ)ဦးကျင်စိန်(ခ)မားကျင်စိန် ၁၄/ဘကလ(နိုင်)၁၄၀၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 295061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၆၇၈၅၄၅၄**

**ပျောက်ဆုံးကြောင်း**

သင်းသင်းမော်(ဘ)ဦးချစ်စံ ၁၄/ဟသတ(နိုင်)၁၉၆၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 521896)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၉၁၀၀၈၆**

**ပျောက်ဆုံးကြောင်း**

အောင်စွမ်းပြည့်(ဘ)ဦးစိန်ကျော် ၇/ပမန(နိုင်)၁၆၇၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 691800)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၂၂၉၆၀၇၇**


နေပြည်တော် ဩဂုတ် ၉

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာအဘ်ဟေး တာကူးရ်ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကိုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းဆက်နွယ်မှုစီမံကိန်းများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာ ယန္တရားများအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိမည့် ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

၉-၈-၂၀၂၄

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘိုကလေး | ၂ | ဒသမ | ၅၀ | လက်မ | ခရမ်း | ၁ | ဒသမ | ၂၃ | လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၂ | ဒသမ | ၂၀ | လက်မ | ဝက်ထီးကန် (လေးထပ်ပြင်) | ၁ | ဒသမ | ၁၄ | လက်မ |
| ပန်းတနော် | ၁ | ဒသမ | ၆၉ | လက်မ | မြောင်းမြ | ၁ | ဒသမ | ၁၄ | လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) | ၁ | ဒသမ | ၃၄ | လက်မ | ပူတာအို | ၁ | ဒသမ | ၁၀ | လက်မ |
| | | | | | ပေါင် | ၁ | ဒသမ | ၁၀ | လက်မ |

လန်ဒန်၊ ဘောလုံး

# အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က အင်္ဂလန်အသင်းနည်းပြရာထူးအတွက် ပိုချက်တီနိုကို ခန့်အပ်ရန်ဆွေးနွေးနေ



အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က လစ်လပ်နေသော အင်္ဂလန်အသင်းနည်းပြရာထူးအတွက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြပိုချက်တီနိုကို ခန့်အပ်ရန် ဆွေးနွေးနေကြောင်း သိရသည်။

အင်္ဂလန်အသင်းနည်းပြဟောင်း ဆောက်ဂိတ်သည် အသင်းကို ၂၀၁၆ ခုနှစ်မှ စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့သည့်အတွက် လက်ရှိ အင်္ဂလန်အသင်းနည်းပြရာထူးမှာ လစ်လပ်နေခြင်းဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က နည်းပြဆောက်ဂိတ်ကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း နည်းပြဆောက်ဂိတ်ကိုယ်တိုင်က ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြပိုချက်တီနိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း တစ်ရာသီသာကိုင်တွယ်ခွင့်ရရှိခဲ့ကာ ရာသီအကုန်တွင် အသင်းမှထုတ်ပယ်ခံရပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် အစောပိုင်းက နည်းပြသစ်အဖြစ် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကိုခန့်အပ်ရန်ကြိုးပမ်းခဲ့သော်လည်း နည်းပြဂွါဒီယိုလာက မန်စီးတီးအသင်းကိုသာ တာဝန်ယူရန်ဆုံးဖြတ်ထားသည့်အတွက် ပိုချက်တီနိုကိုခန့်အပ်ရန် ဆွေးနွေးနေကြောင်း သိရသည်။

*Ref;Dailymail*

လစ္စဘွန်း၊ ဘောလုံး

# ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် ပေါ်တိုအသင်း ဝါရင့်ခံစစ်ကစားသမား ပီပီ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း ကြေညာ

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် ပေါ်တိုအသင်း ဝါရင့်ခံစစ်ကစားသမား ပီပီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၄၁ နှစ်အရွယ် ပီပီသည် ၂၀၀၂ ခုနှစ်က မာရီတီမိုအသင်းနှင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကိုစတင်ပြီးနောက် ၂၀၀၄ ခုနှစ်တွင် ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပေါ်တိုအသင်း၌ ၂၀၀၇ ခုနှစ်အထိကစားခဲ့ကာ ၂၀၀၇ ခုနှစ် ဇွန်လတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။



ပီပီသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အောင်မြင်မှုများစွာရယူနိုင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကြာကစားခဲ့ကာ ဆုဖလားများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ပီပီသည် ရီးယဲလ်မက်ဒရစ်အသင်း၌ အသင်းဖော်ဟောင်း ရာမို့စ်နှင့်တွဲဖက်ပြီး ရီးယဲလ်မက်ဒရစ်အသင်း ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး ဘီဆစ်တပ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ပီပီသည် ဘီဆစ်တပ်အသင်း၌ တစ်ရာသီသာကစားပြီးနောက် လမ်းခွဲခဲ့ကာ ၂၀၁၉ ခုနှစ်တွင် အသင်းဟောင်း ပေါ်တိုအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့ကစားပြီး လက်ရှိတွင်လည်း ပေါ်တိုအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပီပီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် မာရီတီမိုအသင်း၊ ပေါ်တိုအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ပေါ်တူဂီအသင်းတို့နှင့်အတူ ပွဲပေါင်း ၈၇၈ ပွဲ ပါဝင်ကစားခဲ့ကာ ချန်ပီယံဆုဖလားပေါင်း ၃၇ ခု ရယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ခံစစ်ကစားသမား ဗာရန်းကို စီးရီးအေတန်းတက်အသင်းဖြစ်သည့် ကိုမိုအသင်းက ခေါ်ယူနိုင်ခဲ့ပြီး ကျောနံပါတ်(၁၉)ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

■ စပါးအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ရစ်ချာလီဆန်ကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း သိရသည်။

■ ဖီအိုရင်တီးနားအသင်းက ပြင်သစ်ကလပ် ရိမ်းအသင်းမှ လူငယ်ကွင်းလယ်ကစားသမား ရစ်ချာဆန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

■ ဆော်ဒီကလပ်အယ်အာလီအသင်းသည် ဝက်စ်ဟမ်းအသင်းက အရောင်းစာရင်းတင်ထားသည့် ခံစစ်ကစားသမား ဇူးမားကိုခေါ်ယူရန် နီးစပ်လျက်ရှိပြီး လာမည့်ရက်သတ္တပတ်အတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

■ လက်စတာအသင်းက ဘရိုက်တန်အသင်းကစားသမား ဘူအိုနာနိုတီကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

မန်ချက်စတာ၊ ဘောလုံး

# မန်စီးတီးအသင်းနှင့်ကစားမည့် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲတွင် အသင်းမှခံစစ်ကစားသမားအများစု လွဲချော်မည်ဖြစ်ကြောင်း မန်ယူအသင်းနည်းပြ တန်ဟတ်အတည်ပြု

မန်ယူအသင်းနည်းပြ တန်ဟတ်က ကွန်မြူနတီဒိုင်းဗိုလ်လုပွဲအဖြစ်ကစားမည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် အသင်းမှ ခံစစ်ကစားသမားအများစုလွဲချော်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက အသင်းခံစစ်ပိုင်း၌ ဒဏ်ရာပြဿနာများကြောင့် အခက်ကြုံခဲ့ရပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း လိုင်လီအသင်းမှ ယိုရိုကို ခေါ်ယူအင်အားဖြည့်တင်းထားသော်လည်း ၎င်းအနေဖြင့် ရာသီကြိုခြေစမ်းပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် သုံးလခန့် အနားယူရမည်ဖြစ်ကာ ခံစစ်ကစားသမားတချို့မှာလည်း လက်ရှိအချိန်ထိ ဒဏ်ရာပြဿနာများနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

နည်းပြတန်ဟတ်က "ကွန်မြူနတီဒိုင်းဗိုလ်လုပွဲကို အသင်းက ခံစစ်ကစားသမားတွေဖြစ်တဲ့ လုခ်ရှော၊ ဝမ်ဘစ်ဆာကာ၊ လင်ဒီလော့ဖ်နဲ့ မက်ဂွိုင်ယာတို့ အနေနဲ့ ပါဝင်ကစားနိုင်မှာမဟုတ်ပါဘူး။ မာတီနက်ဇ်ကတော့ ပါဝင်ကစားနိုင်မှာပါ"ဟု အတည်ပြုပြောကြားခဲ့သည်။

မန်ယူအသင်းခံစစ်ပိုင်းတွင် အဆိုပါကစားသမားများ ပါဝင်နိုင်မည်မဟုတ်သည့်အတွက် နည်းပြတန်ဟတ်အတွက် မန်စီးတီးအသင်းနှင့်ကစားမည့် ပွဲစဉ်တွင် လူငယ်ကစားသမားအများစုကိုသာ အသုံးပြုရဖွယ်ရှိနေပြီး လက်ရှိအပြောင်းအရွှေ့ကာလတွင် အသစ်ခေါ်ယူထားသည့် တိုက်စစ်ကစားသမား ဇက်ဇီးအနေဖြင့် စတင်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။

*Ref;The Athletic*

နေပြည်တော်　ဩဂုတ်　၉


# တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၃)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ခြေအိတ် ကီလိုဂရမ်(၅၅၀)၊ Maidingge အသား ကြိတ်စက် (၂)ခု၊ Auxilliary Water Cooled Reactor (၁)လုံးအပါအဝင် ကုန်ပစ္စည်း (၁၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၉၅၆၁၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Truck (၁)စီးနှင့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၇၉၅၆၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

ထို့အတူ **ဩဂုတ်လ ၇ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၇ ရက်**တွင် ဘုရားကြီးမြို့ မြို့အဝင်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Toe Post Sandal/Slipper ဖိနပ် အရန်(၄၀၀၀) အပါအဝင် ကုန်ပစ္စည်း(၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း (၁၀၀၀) အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ပဲခူးမြို့ သွန်းဘုရားကြီးရပ်ကွက်ရှိ ဂိုဒေါင်(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်တစ်ကောင် စားအုန်းဆီ (၁၈) လီတာပါ(၂၈၃)ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၅၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၈ ရက်**တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်(၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ၉၈၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၉၇၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၅၂၉၇၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၈ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် Novel Health Care ဆေးခန်း၌ တရားမဝင်ဆေးဝါးများဖြစ်သည့် Abhayrab ခွေးရူးပြန်ကာကွယ်ဆေးဘူး(၁၀၀) အပါအဝင် ကာကွယ်ဆေး(၇)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၈ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံခရိုင်၊ ပေါင်မြို့နယ်၌ တရားမဝင် အခြားသစ် (၁ ဒသမ ၅၇၀) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၅၄)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၆၆၃၆၃၆)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

နေပြည်တော်　ဩဂုတ်　၉

# ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း သတင်းတု၊ သတင်းမှားများဖော်ပြလျက်ရှိ

ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း DVB TV News အမည်ခံ Facebook Page တွင် ဇူလိုင်လ ၃၁ ရက်က သတင်းတု၊ သတင်းမှား စွပ်စွဲရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ရာ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ရာသီဥတုအရဖြစ်ပေါ်လာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်ရုံး၏ ညွှန်ကြားချက်များနှင့်အညီ အိပ်ဆောင်များအား သန့်ရှင်းရေးစနစ်တကျပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မိလ္လာနေရာများကို ထုံးဖြူးခြင်း၊ သောက်ရေသန့်ကိုသာ သောက်သုံးစေခြင်း၊ ပါဆယ်ပစ္စည်းများကို လက်ခံရာတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးပြီးမှ လက်ခံပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဒိုက်ဦးဗဟိုအကျဉ်းထောင်နှင့် ကျိုက်စကောစခန်းတို့ရှိ အကျဉ်းသား၊ အကျဉ်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားမှုရှိ/မရှိ အကျဉ်းထောင်ဆေးရုံအုပ်မှ ကျန်းမာရေးကြည့်ရှုစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူမရှိဘဲ အကျဉ်းသားများ၏ ကျန်းမာရေးအတွက် အကျဉ်းထောင်ဆရာဝန်၏ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူစောင့်ရှောက်ကုသလျက်ရှိကာ လိုအပ်သောဆေးဝါးများကို ဌာနရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိ၍ ဆေးဝါးကုသပေးခြင်းအတွက် ငွေပေးရန်မလိုကြောင်း သိရသည်။

ထို့ကြောင့် DVB TV News အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများအထင်အမြင်လွဲမှားစေရန်နှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသောရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။　**ကိုဖြိုး**

နေပြည်တော်　ဩဂုတ်　၉

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် IM-LS7 နှင့် IM-LS6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X၊ NETA V နှင့် NETA AYA အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Yaung Ni Oo Automobile Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DFSK Mini EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
# (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း | - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

### ပျောက်ဆုံးကြောင်း
ရေဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကျီးပင်အုပ်စုနေ မောင်ကျော်ဇင်မင်းထက်(ဘ)ဦးမင်းဇော်ဦး ၁၄/သပန(နိုင်)၁၂၈၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊တောင်ညိုမြို့၊ကျောင်းစုရပ်ကွက်နေ မနှင်းနန္ဒာဝင်း(ဘ)ဦးညွန့်ဝင်း ၉/ဥတသ(နိုင်)၀၀၆၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 558667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၀၅၀၈၀၉၀

### ပျောက်ဆုံးကြောင်း
ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ငှက်ပျောတန်းလမ်းနေ မောင်တင်ကျော်ဝင်း(ဘ)ဦးကြည်သိန်း(ခ)ထန်းစိုင် ၁၄/ပသန(နိုင်)၂၀၂၉၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
ချောက်မြို့၊ ဆူးတပ်အုပ်စု၊ ဆူးတပ်ရွာနေ ဇော်မျိုးနိုင်(ဘ)ဦးလှကျော် ၈/ခမန(နိုင်)၂၄၈၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 326585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၄၀၈၉၁၄

### ပျောက်ဆုံးကြောင်း
ရခိုင်ပြည်နယ်၊လောင်းချောင်းကျေးရွာ၊ ရသေ့တောင်မြို့နယ်နေ ဇင်မိုးနွယ်(ဘ) ဦးဇော်မြင့်နိုင် ၁၁/ရသတ(နိုင်)၁၁၉၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၄၃၉၃၃၅

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဇနကလမ်းနေ အောင်သီဟထွန်း(ဘ)ဦးဌေးလှိုင် ၃/ကမမ(နိုင်)၀၁၄၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 517705)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၆၈၇၆၀၆

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဖြိုး(ဘ)ဦးကျော်စိုး ၅/စကန(နိုင်)၂၉၂၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 219601)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်ဖြူဖြူ(ဘ)ဦးတင်မောင် ၁၂/ဥကတ(နိုင်)၀၂၄၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 932720)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၄၆၉၄၀

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# ရုံးသုံးစက်ကိရိယာနှင့်ပစ္စည်းများ
# ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့တွင် လိုအပ်သည့်အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ရုံးသုံးစက်ကိရိယာနှင့်ပစ္စည်းများ

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၂-၈-၂၀၂၄ ရက်မှ ၂၁-၈-၂၀၂၄ ရက်အထိ) ၀၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာလက်ခံမည့်ရက် - (၁၂-၈-၂၀၂၄ ရက်မှ ၂၁-၈-၂၀၂၄ ရက်အထိ) ၀၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

၄။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။ တင်ဒါလျှောက်လွှာပုံစံများကို ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လာရောက်ဝယ်ယူ/တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၉၄၉၇၊ ၀၆၇-၃၄၀၉၅၅၀ တို့တွင် ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ မအူလေးပင်ရွာ အ.ထ.က(ခွဲ) Grade - 6 မှ ပညာသင်ကြားနေသော မအိပို့ပို့အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၉/ခအဇ(နိုင်)၀၁၁၁၆၂ ဖြစ်ပါကြောင်း။
**ဦးအောင်ကျော်**

### ဖခင်အမည်မှန်
နတ်မောက်မြို့၊ အ.ထ.က(အောင်ဆန်း) Grade-12 မှ မအိပိုပိုအောင်၏ ဖခင်အမည်မှန်မှာ ဦးရွှေမြ ၈/နမန(နိုင်)၀၆၂၃၀၀ ဖြစ်ပါကြောင်း။
**ဦးရွှေမြ**

### ပျောက်ဆုံးကြောင်း
တင်တင်ဌေး(ဘ)ဦးထွန်းတင် ၆/ပလန(နိုင်)၀၄၉၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၂၇၀၀

### ပျောက်ဆုံးကြောင်း
ဇော်ဝင်း(ဘ)ဦးစိန်ဝင်း ၃/ဘအန(နိုင်)၁၅၃၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 537423)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
အေးမိစံ(ဘ)ဦးရွှေမြ ၇/ညလပ(နိုင်)၀၁၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 208544)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇော်မြင့်အောင်(ဘ)ဦးသန်းဌေး ၅/ခဥန(နိုင်)၁၀၇၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 048072)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၃၈၂၈၇

### ပျောက်ဆုံးကြောင်း
ရဲဝင်းအောင်(ဘ)ဦးမြင့်မောင် ၇/အဖန(နိုင်)၁၁၇၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၀၂၉၁

### ပျောက်ဆုံးကြောင်း
ရဲထက်စိုး(ဘ)ဦးသန်းစိုးဦး ၁၂/တကန(နိုင်)၂၂၇၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 571567)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၀၂၉၁

### ပျောက်ဆုံးကြောင်း
ဝေလှိုင်ဦး(ဘ)ဦးဌေးလှိုင် ၈/ပဖန(နိုင်)၀၉၇၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၀၈၆၁၈၇

### ပျောက်ဆုံးကြောင်း
နှင်းနှင်းလှ(ဘ)ဦးခင်ကြိုင် ၇/ပမန(နိုင်)၁၉၁၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 098175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၉၀၁၅၀

### ပျောက်ဆုံးကြောင်း
မဇူးဇူးဇင်(ဘ)ဦးကိုနိုင် ၆/ကသန(နိုင်)၁၀၃၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 652726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဘောက်ဆန်(ဘ)ဦးတန်ဂွန်း ၁၃/ကခန(နိုင်)၀၇၉၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF179512)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ မြောက်ကုန်ကြီးအုပ်စု၊ မြောက်ကုန်းကြီးရွာနေ (ဘ)ဦးဝင်းအောင်၏သမီး မသွန်းနန္ဒီအောင်၏အမည်မှန်မှာ မသွန်းနဒီအောင် ၇/ ပတတ(နိုင်)၁၅၅၄၉၃ ဖြစ်ပါကြောင်း။
**မသွန်းနဒီအောင်**

### ပျောက်ဆုံးကြောင်း
ရဲထွန်းဦး(ဘ)ဦးတင်ထွေး ၁၂/အစန(နိုင်)၂၀၃၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(681354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၃၂၆၂၂၅

### ပျောက်ဆုံးကြောင်း
ကျော်စွာဦး(ဘ)ဦးအောင်ထွန်းလှ ၅/စကန(နိုင်)၂၇၀၁၉၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MI 674646)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်မာဝင်း(ဘ)ဦးသိန်းဖေ ၁၂/ဗဟန(နိုင်)၀၅၂၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(936427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပိုးအိစံ(ဘ)ဦးအောင်ဆန်း ၈/မတန(နိုင်)၀၅၉၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
တင်အောင်မိုး(ဘ)ဦးကျောက်တင် ၉/မခန(နိုင်)၁၈၈၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထက်ထက်လွင်(ဘ)ဦးမြင့်သိန်း ၁၂/သလန(နိုင်)၁၇၂၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 242886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
တင်မိုးဝင်း(ဘ)ဦးဝင်းဆောင် ၈/နမန(နိုင်)၁၃၃၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 000414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၀၀၁၃

### ပျောက်ဆုံးကြောင်း
ညွန့်ဝင်း(ဘ)ဦးကျော်သန်း ၁၂/ဥကတ(နိုင်)၀၂၅၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 932821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၄၆၉၄၀

### ပျောက်ဆုံးကြောင်း
အောင်သန်းထွေး(ဘ)ဦးအောင်စိုး ၁၄/ဝခမ(နိုင်)၃၄၈၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(689914)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအာစစ်ပို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
Black Tea
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

❖ မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သောတပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပ်ပါးနှောင့်ယှက်လာမည့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

စာ-၂၆ သို့

## MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲပြုလုပ်

စာ-၁၂ သို့

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံပေ့ါအသင်းက မြဝတီအက်ဖ်စီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဒဂုံပေ့ါအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ စာမျက်နှာ ၁၀ ကော်လံ ၄ ◆

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ”** အား ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို**(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ (၅၀၀)

## စစ်တောင်းမြစ်နှင့် သံလွင်မြစ် ရေကြီးမှုအခြေအနေနှင့် စိုးရိမ်ရေမှတ်၌တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ စာမျက်နှာ ၂၅ ကော်လံ ၄ ❍

## တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ-၂၉ သို့



## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

စာ-၂၅ သို့

